# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၉)ရက် ၊ တနင်္ဂနွေနေ့ ၊ (6-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၄၁)**


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၂၀ ကော်လံ ၁**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သလောက် ကူညီဆောင်ရွက်ပေးနေပါသည်။

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၆ ရက်
အယ်ဒီတာ့အာဘော်

# ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးမှ ဆွေးနွေးနိုင်ခဲ့သော ရလဒ်ကောင်းများ

ဘင်းမ်စတက်သည် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သောဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘင်းမ်စတက်အဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဘင်းမ်စတက်သည် အာဆီယံကဲ့သို့ အရေးပါသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ကျင်းပပြုလုပ်ရာ၌ တက်ရောက်ဆွေးနွေးခဲ့သည်။

ထိုအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E.Ms. Paetongtarm Shinawatra၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြံပေးပုဂ္ဂိုလ်ချုပ် Dr. Muhammad Yunus၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် H.E.Mr. Tshering Tobgay၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E.Mr. Shri Narendra Modi ၊ နီပေါနိုင်ငံဝန်ကြီးချုပ် H.E.Mr.KP Sharma Oli ၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E.Dr. Harini Amarasuriya တို့နှင့်အတူ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးရာ၌ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၏ ဆောင်ပုဒ်သည် "သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်သော ပွင့်လင်းမြင်သာသည့်ဘင်းမ်စတက်" ဖြစ်သည်။ သာယာဝပြောသည့် ဘင်းမ်စတက်ကိုတည်ဆောက်ရာတွင် အခြားအရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တစ်ခုမှာ ဆက်သွယ်ချိတ်ဆက်မှု (connectivity)ပင်ဖြစ်ပြီး အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းသည် ဒေသတွင်းဆက်သွယ်ချိတ်ဆက်မှုကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ဒေသတွင်းရေကြောင်းဆက်သွယ်မှုများ၊ ကုန်သွယ်မှုများနှင့် ဆိပ်ကမ်းအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးနိုင်မည့် ပင်လယ်ရေကြောင်းပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

သို့ဖြစ်ရာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုများပူးပေါင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်လက်နက်ရောင်းဝယ်မှုများပပျောက်ရေးတို့အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ အလားတူ တရားမဝင်အွန်လိုင်းလောင်းကစားမှုများနှင့် ငွေကြေးလိမ်လည်မှုများပပျောက်ရေးတို့အတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့နည်းပပျောက်စေရေးအတွက် နယ်စပ်နေပြည်သူများအား အသိပညာပေးမှုများနှင့် စိုက်ပျိုးရေးနည်းပညာများဖြန့်ဝေပေးသွားမည့်အခြေအနေ ရလဒ်ကောင်းများကို ဆွေးနွေးနိုင်ခဲ့သည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။

# ကလေးဝမြို့နယ်တွင် နေကြာစေ့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၃၀ ဒသမ ၂၅ တင်းထွက်ရှိ



**ကလေးဝ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၆၇၅၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၀ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးဝမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၆၇၅၃ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့နေကြာခင်းတွေ လက်ရှိမှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေး သင်တန်းများကို ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ကူညီဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံနေကြာကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ်ပဲဈေးကွက်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဟသ်ာတမြို့နယ် ပဲဈေးကွက်တွင်မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးကဗျာက ပြောပြသည်။

ဟသ်ာတမြို့နယ် ပဲဈေးကွက်တွင် ပြီးခဲ့သည့် မတ်လ စတုတ္ထပတ်မှ ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါမြေပဲဆန်များ အရောင်းအဝယ် ကောင်းလာခြင်းသည် မြေပဲဆီထုတ်လုပ်သည့် လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူမှု ကောင်းလာသည့် အတွက်ဖြစ်ကြောင်း သိရသည်။

"လက်ရှိဟသ်ာတပဲဈေးကွက်ထဲကို ဒေသထွက် မြေပဲဆန်တွေအပြင် အခြားဒေသကနေ မြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန် တစ်ပိဿာကို ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှု အားကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ်ကောင်းလာတာပါ။ ယခုနှစ် မြေပဲဆန်တွေ ဝယ်ယူမှုကောင်းတဲ့အတွက်ကြောင့် တောင်သူတွေက အဓိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ကုန်သည်တွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးကဗျာက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းများက မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ ၊ မြေပဲဆန်၊ မြေပဲအခွံပါ စသည့်ပုံစံအမျိုးမျိုးထုတ်လုပ်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးကဗျာထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ပုသိမ်ကြီးမြို့နယ် ရုံးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး မေ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မှန်ပင်ကျေးရွာအုပ်စု ရုံးသာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၄ ရက်က ရုံးသာကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟေမာစိုးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစု ဝင်ငွေတိုးပွားလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ဟေမာစိုးနှင့်စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၆၀ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပုသိမ်ကြီးမြို့နယ်၊ ရုံးသာကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၁၄ သိန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၃၆ ဦးကို ငွေကျပ် ၈၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၁ သိန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၅၂ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၆၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ စာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၊ ၀၉–၄၅၈၈၉၁၃၀၀၊ ကြော်ငြာ–၈၄ လမ်းနှင့် ၂၉–၃၀ လမ်းကြား– ၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail–yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများကို လိုက်လံကြည့်ရှု



**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မေ ၄ ရက်တွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နေမှု၊ ပြိုကျပျက်စီးသွားသော အဆောက်အအုံများနှင့် ပြိုကျပျက်စီးနေဆဲ အဆောက်အအုံများကို စနစ်တကျ ဖယ်ရှားရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာတောင်ကန်သို့ရောက်ရှိရာ တာဝန်ရှိသူများက ငလျင်သက်ရောက်မှုကြောင့် မိတ္ထီလာတောင်ကန် ကန်ပေါင် ထိခိုက်မှုအပေါ် စောင့်ကြည့်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်သို့ရောက်ရှိပြီး ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားများ ပြောကြား၍ စားသောက်ဖွယ်ရာများ ပံ့ပိုးပေးအပ်ပြီးနောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့၊ ရွှေသာလျောင်းတောင်တော်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများကို သွားရောက်ကြည့်ရှု၍ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုအခြေအနေများ၊ ရောဂါပျောက်ကင်းမှုအခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်မေးမြန်းကာ အားပေးစကားများပြောကြားပြီး နောက်ဆေးကုသရေးအဖွဲ့များကို စားသောက်ဖွယ်ရာများ ပံ့ပိုးပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၊ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ မဟာရွှေစေတီ စာသင်တိုက်၊ သစ္စာပြုအဓိဋ္ဌာန်အောင် မဟာရွှေသိမ်တော်မြတ်စွာဘုရား၊ စဉ့်ကိုင်မြို့နယ် ဆည်ရွာရှိ ရွှေဥမင်ကန်ဘိုးဘွားဝိပဿနာ ရွှေဆည်ရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေး ပြည်ကြီးတံခွန် မြို့နယ် ၅၈ လမ်းနှင့် ၁၁၇ လမ်းထောင့်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ထရန်စဖော်မာကို ပြည်ကြီးတံခွန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများက မေ ၄ ရက်တွင် အစားထိုးတပ်ဆင်နေမှုကို တွေ့ရစဉ်။ (၁၅၂)

# လယ်ဝေးမြို့နယ် မြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို မေ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ မိသားစုဝင်ငွေတိုးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အောင်မြင်မှုအသီးအပွင့်များ စဉ်ဆက်မပြတ်တည်တံ့နိုင်စေရန်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ဇင်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၄၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြို့ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၄၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့နိုင်ခဲ့

**ဖျာပုံ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ကဏန်းပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လတွင်း ကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို ပုံမှန်တင်ပို့ ရောင်းချနေတယ်။ ရန်ကုန်ဈေးကွက်ကို ဒီဘက်ကနေ ရေထွက်ကုန်တွေ အဓိကတင်ပို့တာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ ဒီဘက်ကနေ ကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကဏန်းတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

**ခန္တီး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲသီးနှံ ၁၆၀၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် မတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခန္တီးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၁၆၀၅ ကေ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခု လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲသီးနှံကို မိုးမှာမစိုက်ကြဘဲ ဆောင်းမှာပဲစိုက်ကြတာဖြစ်ပါတယ်" ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)



# တို့ပြည်ထောင်စုကို လက်ဆင့်ကမ်းလို့ ထိန်းသိမ်းကာကွယ်ကြစို့မသွေ

**❖ နိုင်ငံတော်အနေဖြင့် ပြောင်းလဲဖြစ်ပေါ်လာသည့် ခေတ်စနစ်အခြေအနေများနှင့်အညီ ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်း၍ စစ်မှုထမ်းစေခဲ့ရာ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူ လူငယ်လူရွယ်အများအပြားပါဝင်လာသည်ကို ဂုဏ်ယူမိပါသည်။ နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့်သူများ၏ ဓာတိသွေးဓာတိမာန်တို့ကိုတွေ့မြင်ရသည်။ မတ် ၁၇ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ သင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) ဖွင့်ပွဲအခမ်းအနားကိုလည်းကောင်း၊ ဧပြီ ၄ ရက်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သင်တန်းဆင်းပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။ ❖**

မကြာမီက နီပေါနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းက အနိုင်ရဗိုလ်စွဲကာ ချန်ပီယံဖြစ်ခဲ့ကြသည်။ ထိုအမျိုးသမီးအသင်းကို တာဝန်ရှိသူတို့က ဝမ်းပန်းတသာလှိုက်လှိုက်လှဲလှဲ ကြိုဆို ဂုဏ်ပြုဆုတံဆိပ်၊ ဆုငွေများချီးမြှင့်ကြသလို ပြည်သူတွေကလည်း ပွဲစဉ်တစ်လျှောက်လုံးကို အားပေးကြ ကြည့်ရှုကြကာ ပျော်တပြုံးပြုံးနှင့် ဂုဏ်ယူမဆုံး ဖြစ်ကြရသည်။ မည်သူက မည်သူ့ကို မည်သည့်အတွက်ကြောင့် မည်သို့ဂုဏ်ယူနေကြရသနည်းဟု မေးစရာရှိသော် ဤသို့ဖြေရပေမည်။ မြန်မာနိုင်ငံသားများက မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းကို နိုင်ငံဂုဏ်ဆောင် အောင်ပွဲရအောင် ကစားနိုင်ခဲ့ကြ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့က ဂုဏ်ယူကြခြင်းဖြစ်သည်ဟုဖြေရပေမည်။အဆိုပါနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပွဲမကစားမီနှင့်ပွဲကစားပြီး ဆုတံဆိပ်ချီးမြှင့်ချိန်တို့တွင် သက်ဆိုင်ရာနိုင်ငံအလိုက် နိုင်ငံတော်သီချင်းကို ဂုဏ်ပြုချီးမြှင့် သီဆိုကြသည့် အစဉ်အလာရှိကြသည်။

**နိုင်ငံတော်၊ နိုင်ငံသားနှင့် နိုင်ငံတော်သီချင်း**

နိုင်ငံတော်ရှိ၍ နိုင်ငံသားရှိပြီး နိုင်ငံတော်သီချင်းလည်း ရှိလာခြင်းဖြစ်သည်။ နိုင်ငံတော်ဆိုသည်မှာ လွတ်လပ်သောအချုပ်အခြာအာဏာ၊ အုပ်ချုပ်သောအစိုးရ၊ သတ်မှတ်ပိုင်းခြားထားသော နယ်မြေပိုင်နက်နှင့် မှီတင်းနေထိုင်ကြသော ပြည်သူလူထုတို့ဖြစ်၍ အလေးအမြတ်ထားရမည့် ကိစ္စပင်ဖြစ်သည်။ ထို့ကြောင့်ပင် အပြည်ပြည်ဆိုင်ရာ အားကစားပွဲများ၌ ဤသို့ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို ဂုဏ်ပြုတီးမှုတ်သီဆိုကြခြင်း ဖြစ်ပေသည်။ ကိုလိုနီခေတ်တွင် နယ်ချဲ့အင်္ဂလိပ်တို့၏ နိုင်ငံတော်သီချင်းများ သီဆိုခဲ့ကြရသည်ကို မှတ်သားမိ၍ ကိုယ်နှင့်ဆိုင်သော နိုင်ငံတော်၊ ကိုယ်နှင့်ဆိုင်သော နိုင်ငံတော်သီချင်းကို လွတ်လွတ်လပ်လပ်သီဆိုဟစ်ကြွေးခွင့်ရရှိချိန်တွင် ကိုယ့်နိုင်ငံတော်၏ တည်ငြိမ်မှုကို ဆုံးရှုံးအောင်လုပ်ဆောင်နေကြသည့် အဖျက်သမားတို့ကိုယ်စား ရှေးကနိုင်ငံတည်ဆောက်ခဲ့သူတို့ကို အားနာနေမိပေသည်။

**နိုင်ငံ့လွတ်လပ်ရေး**

နိုင်ငံ့လွတ်လပ်ရေးက အရေးကြီးပုံကို နိုင်ငံတော်သီချင်းကိစ္စနှင့်ပတ်သက်၍ ရှုကွက်တစ်ခုအနေဖြင့် တင်ပြရခြင်းဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးလျှင် နိုင်ငံလည်းဆုံးရှုံးပြီး ကိုယ်ပိုင်သည့်အိမ်ကို အငှားနှင့်ပြန်နေရသည့်ဘဝသို့ ပြန်ရောက်သွားနိုင်သည်ကို သတိမူကြရန်လိုသည်။ ထိုသို့ အိမ်ငှားဘဝဖြင့် သူတစ်ပါး၏ကျွန်ဘဝကို နှစ်ပေါင်း ၁၂၃ နှစ်ခန့် နေထိုင်ခဲ့ဖူးသည့်အဖြစ်ဆိုးကို ပြန်ကြည့်မိကြရန် လိုအပ်ပေသည်။ လွတ်လပ်ရေးရစဉ်ကလည်း ပေးချင်၍ ပေးသွားချင်းမဟုတ်ဘဲ တပ်မတော်နှင့် ပြည်သူလက်တွဲ၍ ဖက်ဆစ်ဂျပန်တို့ကိုတိုက်ခိုက်ချေမှုန်းကာ အသက်သွေးချွေးများစွာနှင့်ရင်းမှရခဲ့သည့်လွတ်လပ်ရေးဖြစ်သည်။ ဂျပန်ကိုတိုက်ပြီးခါတွင်လည်း ပူးပေါင်းခဲ့သည့် နယ်ချဲ့ အင်္ဂလိပ်ဆီက လွတ်လပ်ရေးသည် လွယ်လွယ်မရခဲ့ဘဲ ခက်ခက်ခဲခဲ တိုက်ယူခဲ့ရသည်။

**သမိုင်းပေးဝန်တာ**

ဤလွတ်လပ်ရေးဟူသည့် အမွေမြတ်ကို မိမိတို့လက်ထက်တွင်ကျမှ ဆုံးရှုံးခြင်း မဖြစ်သင့်ဟုသာ ဆိုရပေမည်ဖြစ်သည်။ ဤလွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့သည့် ရှေးကဘိုးဘွားတပ်မတော်သားနှင့် ပြည်သူကို အားနာရပေမည်။ လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းစစ်မီးကိုလည်း တပ်မတော်နှင့်ပြည်သူလက်တွဲ၍ ငြိမ်းသတ်ဆောင်ရွက်ခဲ့ကြသော်လည်း စစ်မီးကရှည်လျားခဲ့ရာ နိုင်ငံတိုးတက်ရေးကိုဟန့်တားစေခဲ့သည်မှာ အားလုံးအသိပင်ဖြစ်သည်။ ယခုလည်းတဖန် ပြည်တွင်းစစ်မီးကို တပ်မတော်နှင့်ပြည်သူသည် ယခင်လိုပဲလက်တွဲပူးပေါင်း၍ နိုင်ငံ၏အဖျက်ရန် အန္တရာယ်ကိုတိုက်ဖျက်သွားရမည်မှာ သမိုင်းပေးတာဝန်ဟု ဆိုရပေမည်။

**ရှေးဘိုးဘေးများလက်ထက်**

မြန်မာနိုင်ငံသည်ရှေးဘိုးဘေးများလက်ထက်ကတည်ရှိခဲ့ပြီဖြစ်သည်။ ပြန်ကြည့်မည်ဆိုလျှင် ပျူခေတ်ကစ၍ ၉ ရာစုတွင် ပုဂံခေတ်၌ ပထမမြန်မာနိုင်ငံတော်၊ ၁၆ ရာစုတွင် တောင်ငူခေတ်၌ ဒုတိယမြန်မာနိုင်ငံတော်နှင့် ၁၈ ရာစုတွင် ကုန်းဘောင်ခေတ်၌ တတိယမြန်မာနိုင်ငံတော်တို့ဖြင့် သမိုင်းကြောင်းရှည်လျားစွာ ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ရပ်တည်လာခဲ့ကြသည့် အစဉ်အလာကြီးမားသည့် နိုင်ငံနှင့်လူမျိုးဖြစ်သည်။ မြန်မာတို့သည် ကိုယ်ပိုင်တိုင်းပြည်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးသာမက ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် အဆင့်အတန်းမြင့်မားစွာ ခံ့ညားစွာဖြင့် ဝန်းကျင်နိုင်ငံများအကြား ထည်ထည်ဝါဝါနေထိုင်ခဲ့ကြသည်။

မြန်မာသမိုင်းစဉ်တွင် ဂုဏ်ရောင်ထွန်းပြောင်ထင်ရှားခဲ့သည့် မင်းသုံးပါး၊ ခေတ် သုံးခေတ်နှင့် နိုင်ငံတော်အား စုစည်းတည်ထောင်ခဲ့မှုတို့သည် နိုင်ငံ့တပ်မတော်အင်အားကြီးမားခဲ့သည့်အချိန်များ ဖြစ်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် နိုင်ငံတော်တည်ဆောက်မှုနှင့် တပ်မတော်အင်အားရှိမှုတို့သည် တိုက်ရိုက်အချိုးကျလျက်ရှိသည်ကို ရှေးကပင် အထင်အရှားတွေ့ရှိရပေသည်။

**တပ်မတော်အင်အားရှိမှ**

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်မှာ အမှန်ပင်ဖြစ်ကြောင်း ရှေးမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သည့် မင်းသုံးပါးက သက်သေများပြခဲ့သည်မှာ ထင်အရှားပင်ဖြစ်သည်။ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် ဆယ်ပြုရာပြုနှင့် ထောင်ပြုမြို့များဖြင့် တပ်မတော်အင်အားကို ဖြည့်ဆည်းဆောင်ရွက်ကြကာ တာဝန်ပြီးချိန်တွင် မိမိဒေသပြန်၍ မိမိတို့၏ ကိုင်းကျွန်းလယ်ယာအလုပ်များကို ပြန်လည်လုပ်ကိုင်ကြသည်။ တောင်ငူခေတ်တွင်လည်း ထိုသို့ပင် ပြည်သူပြည်သားများက ပါဝင်အမှုထမ်းသည်သာမက လက်အောက်ခံဆက်စပ်နယ်မြေများကပါ စစ်ဆင်ရေးများတွင် ပါဝင်အမှုထမ်းကြရာ တပ်မတော်အင်အားမှာ ထုထည်ကြီးမားပြီး ယိုးဒယားစစ်သည်တို့ ကျူးကျော်မှုကို ပြတ်သားစွာတွန်းလှန်တိုက်ခိုက်နိုင်ခဲ့ပေသည်။

ကုန်းဘောင်ခေတ် အလောင်းမင်းတရားလက်ထက်တွင်လည်း ရဲစွမ်းသတ္တိရှိသော သူရဲကောင်းများကိုစုစည်းကာ တပ်တော်ကိုဖွဲ့စည်းထားပေသည်။ တပင်ရွှေထီးလက်ထက်က ရွေးချယ်ခဲ့သော မြင်းရည်တက်သူရဲကောင်း ၂၈ ယောက်၊ အလောင်းမင်းတရားလက်ထက်က လက်ရွေးစင်သူရဲကောင်း ခြောက်ကျိပ်တို့သည်လည်း သတ္တိအရာ၌ ထင်ရှားသည်။ ပြောရမည်ဆိုလျှင် မင်း သုံးပါးနှင့် မြန်မာနိုင်ငံတော်သည် ထင်ရှားသည့်အလျောက် ထိုခေတ်များတွင် မြန်မာ့တို့၏ အစွမ်းသတ္တိဗျတ္တိသည်လည်း ထင်ရှားလှပေသည်။

**မျိုးနှင့် ရိုးနှင့်**

မြန်မာတို့သည် တိုက်ရည်ခိုက်ရည်တွင် ဘမျိုးဘိုးတူဆိုသလို မျိုးနှင့်ရိုးနှင့်ဖြစ်ပေသည်။ ကမ္ဘာပတ်၍ နယ်ချဲ့ခဲ့သည့် အင်္ဂလိပ်တို့သည် စစ်သူကြီးမဟာဗန္ဓုလနှင့် ကြည်းကြောင်းတိုက်ပွဲများတွင် အရေးနိမ့်ခဲ့သော်လည်း ၎င်းတို့ကျွမ်းကျင်သည့် ရေကြောင်းတိုက်ပွဲများနှင့်သာ တိုက်ကွက်ဖော်လာသည့်အချိန်တွင် မြန်မာတို့အရေးနိမ့်ခဲ့ရပေသည်။ ကိုလိုနီနယ်ချဲ့လက်အောက်သို့ အထက်မြန်မာပြည်ရောက်ရှိသွားချိန်တွင်လည်း သူ့ကျွန်မခံလိုသည့်စိတ်ကြောင့် ထကြွတွန်းလှန်ကြသည့် မြန်မာ့မျိုးချစ်တပ်ဖွဲ့များကိုနယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် ဆယ်စုနှစ်တစ်ခုကြာအောင် ရှင်းလင်းချေမှုန်းရသည်ထိ မျိုးချစ်စိတ်တို့ရှင်သန်ထက်မြက်စွာဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်မှာ သမိုင်းသက်သေရှိပေသည်။ ထိုကဲ့သို့ မိမိနိုင်ငံအပေါ် ကျူးကျော်လာသူများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အရင်းတည်၍ တိုက်ခိုက်ခဲ့သည့် မျိုးရိုးတို့သည် ယခုတစ်ဖန်ပြည်ဖျက်လိုသူ EAO များ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အုပ်စုများကြောင့် ပြည်သူ့စစ်မှုထမ်းများအဖြစ် တစ်ဖန်နိုးထလာခဲ့ပြီဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်း**

နိုင်ငံတော်အနေဖြင့် ပြောင်းလဲဖြစ်ပေါ်လာသည့် ခေတ်စနစ်အခြေအနေများနှင့်အညီ ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်း၍ စစ်မှုထမ်းစေခဲ့ရာမျိုးချစ်စိတ်ဓာတ်ပြင်းထန်သူ လူငယ်လူရွယ်အများအပြားပါဝင်လာသည်ကို ဂုဏ်ယူမိပါသည်။ နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့်သူများ၏ ဓာတိသွေးဓာတိမာန်တို့ကို တွေ့မြင်ရသည်။ မတ် ၁၇ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ သင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) ဖွင့်ပွဲအခမ်းအနားကိုလည်းကောင်း၊ ဧပြီ ၄ ရက်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။

**ကျေနပ်ပီတိ**

ယခုအခါ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သူတချို့သည် အရိပ်နေနေ အခက်ချိုးချိုးပြုလုပ်သူလူတန်းစားတစ်ရပ်အဖြစ် ပေါ်ပေါက်နေပေသည်။ ထိုသူတို့သည် လက်နက်ကိုင်စွဲကာ မြို့ဖျက်ရွာဖျက်စသော အဖျက်အမှောင့်လုပ်ရပ်များကို ပြုလုပ်နေကြရာ နိုင်ငံ၏တည်ငြိမ်မှုကို ပျက်ပြားစေကာ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ပျက်ပြားကာ သွားလာရေးခက်ခဲမှုတို့ကို ဖြစ်ပေါ်စေပေသည်။ သို့ဖြစ်၍ ပြည်သူတို့၏ စားဝတ်နေမှုအဆင်ပြေချောမွေ့စေရန်၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရန်တို့အတွက် ပြည်သူ့ရန်စွယ် ဆူးငြောင့်များတို့ကို အမြန်ဖယ်ရှားချေမှုန်းရန် လိုအပ်နေပေသည်။

**ပြည်သူ့ရန်စွယ်ဆူးငြောင့်**

ပြည်သူ့ရန်စွယ်ဆူးငြောင့်များကို အမြန်သုတ်သင်ချေမှုန်းရန်အတွက် တပ်မတော်အနေဖြင့် အသင့်ရှိနေပြီး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အတိုင်း ဆောင်ရွက်လျက်ရှိနေသည်။ ငြိမ်းချမ်းရေးကိုဦးတည်၍ ငြိမ်းချမ်းရေးစကားဝိုင်း Peace Talk 2025 ကို "တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့" ဟူသော ခေါင်းစဉ်ဖြင့် ယခုနှစ် မတ် ၂၄ ရက်မှ ၂၆ ရက်ထိ ဆောင်ရွက်ဆွေးနွေးခဲ့သည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်ပေးပြီး သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်မတော်အင်အားကို တစ်ထောင့်တစ်နေရာမှ ဖြည့်စွက်၍ ကျရာတာဝန်ကို အားသစ်လောင်းထမ်းဆောင်နေကြလျက်ရှိရာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့ ချီရာလမ်းတွင် ပါဝင်ထမ်းဆောင်မည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံသားကောင်းများကို ဂုဏ်ယူလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- တပ်မတော်သမိုင်း ပထမတွဲနှင့် ဒုတိယတွဲ
- တက္ကသိုလ်မြတ်သူ၏ စာပေခရီးလမ်းမကြီးဝယ်

ဗန်ညို

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၉၂၄ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၇၂၂၅ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၅၁ ဒသမ ၂၂ တင်းထွက်ရှိကြောင်း၊ ဖူးစားပြောင်း ၆၉၉ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းဖူးရေ ၂၈၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၇၉၂၄ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် တောင်သူတွေကို လိုအပ်တဲ့ အသိပညာပေးတာတွေ ဆောင်ရွက် ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေးအသိပညာ ပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

## မေတ္တာသည်သာ အေးချမ်းရာ

– မေတ္တာသည် အစဉ်အေးမြ
လွှမ်းခြုံကြ လောကအလယ်၊
ကျက်သရေ ဂုဏ်ရှိန်တိုးလို့
အကျိုးရှိတယ်၊
ဖြူစင်နှလုံး ရင်တွင်းဝယ်
ကိန်းအောင်းမယ် နွေးထွေး၊
နေလပမာ ရောင်ခြည်ရွှန်းသို့
ထွန်းတောက်မယ်လေး။

– မျက်နှာတော် ကြည်လင်အေးစေဖို့
ယဉ်ကျေးသည့် မြန်မာ့ဟန်၊
မြင်ရသူ ပီတိဖုံးလို့
ရွှင်ပြုံးကေန်၊
စန်းပွင့်လန်း ကြည်မွေ့ပြန်
စိတ်သန္တာန် မွန်မြတ်၊
မနာလို ဝန်တိုခြင်းတို့
ကင်းရှင်းပြုအပ်။

– အလှဆင်စေ ဝန်းကျင်ရပ်
သတိကပ် မေတ္တာခြုံ၊
စေတနာ အကြင်နာပိုက်လို့
နှစ်ခြိုက်ခိုလှုံ၊
သီလဖွေး အလုံးစုံ
အလှရိပ်မြုံ ကိုယ်ကျင့်တရား၊
မိတ်ပေါင်းအဆွေ ဂုဏ်သတင်းနှင့်
ထုံသင်းစေသား။ ။

ရင်ခတ်ပန်း(စွယ်တော်)

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ထိုင်းဘေးကျား စပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်ကပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ထိုင်းဘေးကျား စပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ထိုင်းဘေးကျား စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မတ်လအတွင်း ထိုင်းဘေးကျား စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို ထိုင်းဘေးကျားစပါးက အဝယ်လိုက်နေတာပါ"ဟု ဝါးခယ်မမြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေကြောင်း ဝါးခယ်မမြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်ထံမှ သိရသည်။

ကျော်ကျော်လင်း

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အမှတ်တရ သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် အထူးတပ်ဖွဲ့ဝင်သင်တန်းသားများ၏ နည်းဗျူဟာမြောက်လေ့ကျင့်မှုများ ကြည့်ရှုစစ်ဆေး

ပြုံယမ်း ဧပြီ ၅

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဧပြီ ၄ ရက်က ကိုရီးယား ပြည်သူ့တပ်မတော် အထူးတပ်ဖွဲ့သင်တန်းကျောင်းကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း နိုင်ငံပိုင် ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ခရီးစဉ်အတွင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် အထူးတပ်ဖွဲ့ဝင် သင်တန်းသားများ၏ အထွေထွေ နည်းဗျူဟာမြောက် လေ့ကျင့်မှုများ သေနတ်ပစ်ပြိုင်ပွဲများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် အထူးတပ်ဖွဲ့ဝင်များအတွက်ထုတ်ပေးထားသည့်လက်ဖြောင့်သေနတ်သမားသုံး ရိုင်ဖယ်သစ်ကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏စစ်အင်အားတည်ဆောက်မှု မဟာဗျူဟာတွင် အထူးတပ်များ အင်အားတောင့်တင်းရေးသည်လည်း အဓိက အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသို့ မြောက်ကိုရီးယား နိုင်ငံအတွက် စေလွှတ်ထားသည့် တပ်ဖွဲ့ဝင်များထဲတွင် အဆိုပါအထူး တပ်ဖွဲ့ဝင်များလည်း ပါဝင်နေကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် စမ်းသပ်ပစ်ခတ်ခဲ့သော လက်ဖြောင့် သေနတ်သမားသုံး ရိုင်ဖယ်သစ်မှာ မြောက်ကိုရီးယား နည်းပညာဖြင့် ထုတ်လုပ်ထားသည့်လက်နက်အမျိုးအစားသစ်ဖြစ်ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု အမေရိကန်နိုင်ငံသို့ သွားရောက်ဖွယ်ရှိ

နယူးယောက် ဧပြီ ၅

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဧပြီ ၇ ရက်တွင် အမေရိကန်နိုင်ငံသို့သွားရောက်၍ သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း အစ္စရေးတာဝန်ရှိသူများက ယနေ့တွင်ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်နှင့်တွေ့ဆုံစဉ် အစ္စရေး ဝန်ကြီးချုပ်သည် အစ္စရေးထုတ်ကုန်များအပေါ် အခွန်စည်းကြပ်ထားမှုကို အဓိကထားဆွေးနွေးနိုင်ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါသတင်းမှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့ပါက အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အမေရိကန်အစိုးရ၏ အခွန်စည်းကြပ်မှုများနှင့်ပတ်သက်၍ သမ္မတ ဒေါ်နယ်ထရန့်နှင့် ကိုယ်တိုင်တွေ့ဆုံဆွေးနွေးမည့် ပထမဆုံး ပြည်ပခေါင်းဆောင် ဖြစ်လာလိမ့်မည်ဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်၌ အစ္စရေးဝန်ကြီးချုပ်၏ အမေရိကန် ခရီးစဉ်ကို အစ္စရေးဝန်ကြီးချုပ်ရုံးက တရားဝင်အတည်ပြုခြင်းမရှိသေးကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်ကြေညာထားသည့်သွင်းကုန်များအခွန်စည်းကြပ်မှု အစီအစဉ်အရ အစ္စရေးထုတ်ကုန်များအပေါ် ၁၇ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ထားသည်။

အမေရိကန်နိုင်ငံသည် အစ္စရေး နိုင်ငံ၏ အဓိက မဟာမိတ်နိုင်ငံဖြစ်သကဲ့သို့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီ သီရိလင်္ကာနိုင်ငံသို့ရောက်ရှိ



ကိုလံဘို ဧပြီ ၅

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် အိမ်နီးချင်း သီရိလင်္ကာနိုင်ငံသို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် ဧပြီ ၄ ရက်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ်သည် သီရိလင်္ကာသမ္မတရာထူးကို လက်ရှိသမ္မတ အနူရာကုမာရ ဒစ်ဆာနာယာကီ ရယူခဲ့ပြီးနောက်ပိုင်း သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိခဲ့သည့် ပထမဆုံး ပြည်ပခေါင်းဆောင်ဖြစ်ခဲ့သည်။

ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ သီရိလင်္ကာခရီးစဉ်အတွင်း စွမ်းအင်နှင့် ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အိန္ဒိယနှင့် သီရိလင်္ကာ နှစ်နိုင်ငံ တာဝန်ရှိသူများက လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိသည်။

အိန္ဒိယနိုင်ငံသည် သီရိလင်္ကာနိုင်ငံ၌ တရုတ်နိုင်ငံ၏ဩဇာကြီးမားကျယ်ပြန့်လာမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိသည်။

အိန္ဒိယဝန်ကြီးချုပ် သည် ယနေ့တွင် သီရိလင်္ကာသမ္မတ ဒစ်ဆာနာယာကီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သီရိလင်္ကာ ခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ်သည် သီရိလင်္ကာအရှေ့ပိုင်း၌ မဂ္ဂါဝပ် ၁၂၀ နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်း ဖွင့်ပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးအကူအညီဖြင့် ရီအမ်ရေတပ်စခန်း ဖွင့်လှစ်

ပေကျင်း ဧပြီ ၅

တရုတ်နိုင်ငံ၏ ဘဏ္ဍာရေး အကူအညီဖြင့် ပြန်လည်မွမ်းမံပြင်ဆင်ထားသော ရီအမ်ရေတပ်စခန်းကို ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနတ် ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း သိရသည်။



ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ပြန်လည်ပြင်ဆင်မွမ်းမံထားသော ရီအမ်ရေတပ်စခန်း ဖွင့်လှစ်နိုင်ခဲ့မှုကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ရီအမ်ရေတပ်စခန်း ဖွင့်ပွဲသို့ တရုတ်စစ်ဘက် ကိုယ်စားလှယ်များအပါအဝင် ပြည်ပနိုင်ငံများမှ စစ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ အထက်ပိုင်း ကမ်းရိုးတန်းဒေသ၌တည်ရှိသည့် ရီအမ်ရေတပ်စခန်းကို တရုတ်ရေတပ်က ရှေ့တန်းစခန်းအဖြစ် အသုံးချလာနိုင်ကြောင်း အမေရိကန်အစိုးရက ပြောကြားထားသည်။

ရီအမ်ရေတပ် စခန်းသည် တောင်တရုတ်ပင်လယ် အနီးရှိ ထိုင်းပင်လယ်ကွေ့၌ တည်ရှိရာ မဟာဗျူဟာအရ အချက်အချာကျသည့် ရေတပ်စခန်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား နိုင်ငံသည် တရုတ်နိုင်ငံ၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရီအမ်ရေတပ်စခန်းကို ၂၀၂၃ ခုနှစ်မှ စတင် အဆင့်မြှင့်တင် မွမ်းမံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မော်တော်ယာဉ်သွင်းကုန်များအပေါ် သမ္မတဒေါ်နယ်ထရန့်၏ အခွန်စည်းကြပ်မှု ဂျပန်မော်တော်ယာဉ်ပို့ကုန်ကဏ္ဍ ဒေါ်လာ ၁၇ ဘီလီယံအထိနစ်နာနိုင်

ဂျီနီဗာ ဧပြီ ၅

မော်တော်ယာဉ် သွင်းကုန်များအပေါ် ၂၅ ရာခိုင်နှုန်းအခွန်စည်းကြပ်သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဆုံးဖြတ်ချက်ကြောင့် ကားပို့ကုန်ကဏ္ဍ၌ ဂျပန်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ ဆုံးရှုံးနစ်နာနိုင်ကြောင်း ဧပြီ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံက နှစ်စဉ်ပြည်ပသို့ တင်ပို့နေသော ပို့ကုန်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းမှာ မော်တော်ယာဉ်ပို့ကုန်များဖြစ်ကြသည်။



သို့ဖြစ်ရာ အမေရိကန်နိုင်ငံသို့ တင်သွင်းမည့် မော်တော်ယာဉ်များကို အမေရိကန်အစိုးရက ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားမှုကြောင့် ဂျပန်ကားပို့ကုန်ကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ ဆုံးရှုံးနိုင်ကြောင်း နိုင်ငံတကာကုန်သွယ်ရေးဖိုရမ်က ဧပြီ ၄ ရက်တွင်ထုတ်ပြန်သည့် အစီရင်ခံစာ၌ ခန့်မှန်းထားသည်။

အမေရိကန်အစိုးရ၏ ပြည်ပမှ တင်သွင်းသည့်ယာဉ်အပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မည့်အစီအစဉ်သည် ဧပြီ ၂ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီဖြစ်သည်။

အမေရိကန်အစိုးရ၏ အဆိုပါ အခွန်စည်းကြပ်မည့် အစီအစဉ်တွင် နှစ်စဉ်တင်သွင်းနေသော အမေရိကန်ဒေါ်လာ ဘီလီယံ ၄၆၀ တန်ဖိုးရှိ မော်တော်ယာဉ်များနှင့် ယာဉ်အပိုပစ္စည်းများအားလုံး အကျုံးဝင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်၌ မော်တော်ယာဉ်တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ပြည်တွင်း၌ ရောင်းချနိုင်ခဲ့သည့် မော်တော်ယာဉ်များအနက် ထက်ဝက်နီးပါးမှာ ပြည်ပမှတင်သွင်းသည့် ယာဉ်များဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စကော့တလန်နိုင်ငံ အိုက်စ်အော့ဖ်စကိုင်းကျွန်းပေါ်တွင် တစ်ချိန်သောအခါက တိုင်ရန်နိုဆောရပ်စ်ရက်စ်ဒိုင်နိုဆောများ၏ ဘိုးဘေးဒိုင်နိုဆောများ နေထိုင်ခဲ့



**အီဒင်ဘတ် ဧပြီ ၅**

စကော့တလန်နိုင်ငံ အိုက်စ်အော့ဖ်စကိုင်းကျွန်းပေါ်တွင် တစ်ချိန်သောအခါက တိုင်ရန်နိုဆောရပ်စ်ရက်စ် ဒိုင်နိုဆောများ၏ ဘိုးဘေးဒိုင်နိုဆောများ နေထိုင်ခဲ့ကြကြောင်း ဧပြီ ၄ ရက် သတင်းများအရ သိရသည်။

စကော့တလန်နိုင်ငံ အီဒင်ဘတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် အိုက်စ်အော့ဖ်စကိုင်းကျွန်းပေါ်၌ ဒိုင်နိုဆောခြေရာ ၁၃၁ ခုကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အဆိုပါ ဒိုင်နိုဆောခြေရာများထဲတွင် တိုင်ရန်နိုဆောရပ်စ်ရက်စ်များ၏ ဘိုးဘေးများဖြစ်သော မီဂါလိုဆောရပ်စ် ခေါ် အသားစားဒိုင်နိုဆောများ၏ ခြေရာများလည်း ပါဝင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အထက်ပါ ဒိုင်နိုဆောခြေရာများထဲတွင် ဆော်ရိုပေါ့ဒ်ခေါ် အသီးအရွက်စား ဒိုင်နိုဆောများ၏ ခြေရာလည်းပါဝင်ကြောင်း သိရသည်။

အထက်ပါ ဒိုင်နိုဆောခြေရာ အထောက်အထားများအရ လွန်ခဲ့သော နှစ်ပေါင်း ၁၆၇ သန်းက အိုက်စ်အော့ဖ်စကိုင်း ကျွန်းပေါ်၌ အသားစား ဒိုင်နိုဆောများနှင့် အသီးအရွက်စား ဒိုင်နိုဆောများ အတူတကွ နေထိုင်ခဲ့ကြသည်ကိုတွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ဟု သိရသည်။

၎င်းဒိုင်နိုဆောများသည် အိုက်စ်အော့ဖ်စကိုင်း ကျွန်းပေါ်ရှိ ရေတိမ်ပင်လယ် ထုံးအိုင်နယ်မြေများထဲ၌ ရှင်သန်ကျက်စားခဲ့ကြသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO


## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီးနောက် စကြဝဠာအတွင်း ပထမဆုံးပေါ်ထွက်ခဲ့သောအလင်းရောင်ကို ဖမ်းယူနိုင်ခဲ့

**ဝါရှင်တန် ဧပြီ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီးနောက် စကြဝဠာအတွင်း ပထမဆုံးပေါ်ထွက်ခဲ့သော အလင်းရောင်ကို ဖမ်းယူနိုင်ခဲ့ကြောင်း ဧပြီ ၄ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အဆိုပါ အလင်းရောင်ကို JADES အမည်ရှိ ရှေးဟောင်းကြယ်စုတစ်ခုတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

JADES ကြယ်စုသည် Big Bang မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း သန်း ၃၃၀ အကြာတွင် ပေါ်ထွက်လာသည့် ကြယ်စုဖြစ်ကြောင်း သိရသည်။



JADES ကြယ်စု စတင်ပေါ်ထွက်သည့် ကာလသည် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ တိမ်တိုက်များ ဖုံးလွှမ်းထားမှုကြောင့် စကြဝဠာတစ်ခုလုံး အမိုက်မှောင်ကျနေချိန်ဖြစ်သည်။

သို့ရာတွင် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိထားသော သတင်းအချက်အလက်များအရ JADES ကြယ်စုသည် စကြဝဠာအမှောင်ဖုံးနေချိန်တွင် အလင်းရောင်ထုတ်လွှတ်နိုင်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

JADES ကြယ်စုသည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၁၃ ဒသမ ၅ ဘီလီယံခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ရုရှားနိုင်ငံကလွှတ်တင်ထားသော ဂြိုဟ်တုသုံးစင်းက ယခုနှစ်စပိုင်းအတွင်း အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို ပတ်လမ်းပေါ်သို့ လွှတ်တင်

**ဝါရှင်တန် ဧပြီ ၅**

ရုရှားနိုင်ငံက လွှတ်တင်ထားသော ဂြိုဟ်တုသုံးစင်းသည် ယခုနှစ်စပိုင်းအတွင်း အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို ပတ်လမ်းပေါ်သို့ လွှတ်တင်ခဲ့ကြောင်း ဧပြီ ၄ ရက် သတင်းများအရ သိရသည်။

ရုရှားနိုင်ငံသည် ကော့စမော့စ် ၂၅၈၁၊ ၂၅၈၂၊ ၂၅၈၃ အမည်ရှိ ဂြိုဟ်တုများကို ယခုနှစ် ဖေဖော်ဝါရီ ၂ရက်က ဆိုယုဇ်-၂ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုသုံးစင်း အနက် ကော့စမော့စ် ၂၅၈၁ ဂြိုဟ်တုက အမျိုးအမည်မသိအရာဝတ္ထုတစ်ခုကို မတ် ၁၈ ရက်တွင် ပတ်လမ်းပေါ်သို့ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အာကာသတပ်ဖွဲ့၏ အဆိုအရ သိရသည်။

၎င်းအမျိုးအမည်မသိ အရာဝတ္ထုကို စစ်ရေးနည်းပညာစမ်းသပ်မှုများ အပါအဝင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အသုံးချနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ကော့စမော့စ် ဂြိုဟ်တုများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို လျှို့ဝှက်ထားလေ့ရှိသည်။

လက်ရှိအချိန်တွင် ကော့စမော့စ်-၂၅၈၁၊ ၂၅၈၂၊ ၂၅၈၃ တို့သည် သုံးစင်းတွဲစုဖွဲ့၍ ကမ္ဘာကို လှည့်ပတ်လျက်ရှိသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## လည်ပင်းသွေးကြောပေါက်ပြဲမှုကြောင့် လေဖြတ်ခဲ့သော အမေရိကန်နိုင်ငံသားဦးရေ ၁၅ နှစ်အတွင်း ငါးဆတိုးလာ

**နယူးယောက် ဧပြီ ၅**

လည်ပင်းသွေးကြောပေါက်ပြဲမှုပြဿနာတစ်ရပ်ကြောင့် လေဖြတ်မှုနှင့် ရင်ဆိုင်ခဲ့ရသော အမေရိကန်နိုင်ငံသားဦးရေမှာ ၁၅ နှစ်အတွင်း ငါးဆတိုးလာကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဧပြီ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

Cervical Artery Dissection ခေါ် အထက်ပါသွေးကြောပြဿနာသည် ဦးနှောက်အတွင်းသို့ သွေးများပေးပို့နေသော လည်ပင်းသွေးကြောတစ်ခု ပေါက်ပြဲချိန်တွင် ပေါ်ထွက်လာသည့် ပြဿနာဖြစ်ကြောင်း သိရသည်။

ထိုသို့ပေါက်ပြဲချိန်တွင် ပေါက်ပြဲရာနေရာ၌ သွေးခဲများပေါ်လာနိုင်ပြီး ၎င်းသွေးခဲများ ဦးနှောက်ထဲရောက်ပြီး လေဖြတ်တတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Cervical Artery Dissection ပြဿနာကြောင့် လေဖြတ်ခဲ့သူအရေအတွက်မှာ ပြီးခဲ့သည့် ၁၅ နှစ်အတွင်း ငါးဆမြင့်တက်လာကြောင်း သိရသည်။

အထူးသဖြင့် အသက် ၅၀ အောက်ရှိသူများအတွက် Cervical Artery Dissection ပြဿနာသည် လေဖြတ်ရခြင်း၏ အဓိက အကြောင်းတရားတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိရသည်။

Cervical Artery Dissection ပြဿနာသည် ယာဉ်မတော်တဆမှုများကြောင့် အဖြစ်များသော်လည်း တစ်ခါတစ်ရံ အလေးအပင်ထမ်းပိုးမှုကြောင့်လည်း ဖြစ်ပွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## အာဖရိကရိုးရာဓာတ်စာပုံစံက နှလုံးသွေးကြောရောဂါများ၊ ပုံစံ-၂ ဆီးချိုနှင့် ကင်ဆာတချို့ဖြစ်နိုင်ခြေ လျှော့ချနိုင်

**အမ်စတာဒမ် ဧပြီ ၅**

အာဖရိက ရိုးရာဓာတ်စာပုံစံတစ်မျိုးသည် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ပုံစံ-၂ ဆီးချိုရောဂါနှင့် ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေကို ထိထိရောက်ရောက်တားဆီးနိုင်ဖွယ်ရှိကြောင်း ဧပြီ ၄ ရက်သတင်းများအရ သိရသည်။

နယ်သာလန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက် အရ ပြောင်းဆန်ကဲ့သို့ အစေ့အနှံများ၊ အပင်အမြစ်များ၊ မျောက်ဥ၊ ကန်စွန်းဥနှင့် ဟင်းသီးဟင်းရွက်များပါဝင်သည့် အာဖရိကဓာတ်စာပုံစံသည် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ပုံစံ-၂ ဆီးချိုရောဂါနှင့် ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေကို အခြားဓာတ်စာပုံစံများထက်ပို၍ ထိရောက်စွာလျှော့ချနိုင်ကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် အထက်ပါ အာဖရိကဓာတ်စာ၏ ကျန်းမာရေးအကျိုးကျေးဇူးများကို လူပေါင်း ၂၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အာဖရိကဓာတ်စာပုံစံသည် ကိုယ်တွင်းရောင်ရမ်းမှုများကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း နယ်သာလန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လူ့ကိုယ်တွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ရောဂါပိုးမွှားများကို လူ့ခုခံအားစနစ်က တိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်သော ရောင်ရမ်းမှုပြဿနာသည် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ၊ ပုံစံ-၂ ဆီးချိုရောဂါနှင့် ကင်ဆာရောဂါတချို့၏ အဓိကနောက်ခံအကြောင်းတရား တစ်ရပ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



နိုင်ငံတကာ
# အားကစားသတင်းများ

## Charleston Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ပီဂူလာ တက်ရောက်

**နယူးယောက် ဧပြီ ၅**

အမေရိကန်နိုင်ငံ တောင်ကာလိုရိုင်းနား ပြည်နယ်တွင် ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ်များ ဖြစ်ကြသည့် ပီဂူလာနှင့် ကောလင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပီဂူလာ (၁-၆၊ ၆-၃၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပီဂူလာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပီဂူလာက "အဖွင့်ပွဲစဉ်မှာ ကောလင်း ကစားသွားတာ အရမ်းကောင်းတယ်။ ကျွန်မအနေနဲ့ ဖိအားများသွားတဲ့အတွက် အမှားအယွင်းတွေတော့ ရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း အတတ်နိုင်ဆုံး အမှားနည်းအောင် ပြင်ဆင်ပြီးတော့ နှစ်ပွဲဆက်တိုက် ပြန်အနိုင်ရအောင် ကစားနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ပီဂူလာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် အလက်ဇန္ဒရိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

## အမ်ဘာက်ပီနှင့် ရူဒီဂါတို့ နှစ်ဦးကို ယူအီးအက်ဖ်အေက ဒဏ်ငွေနှင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်

**မက်ဒရစ် ဧပြီ ၅**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် အေတီကိုအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက နောက်တစ်ဆင့်တက်ရောက်ချိန်၌ အောင်ပွဲခံမှုပြုလုပ်ချိန်တွင် အမ်ဘာက်ပီနှင့် ရူဒီဂါတို့က လှောင်ပြောင်မှု ပြုလုပ်ခဲ့သည့်အတွက် ယူအီးအက်ဖ်အေက ဒဏ်ငွေနှင့် တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဖြစ်ပွားခဲ့သည့် နားလည်မှုလွဲမှားခဲ့သည့် ဖြစ်ရပ်ကို ယူအီးအက်ဖ်အေက စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ပြီးနောက် အမ်ဘာက်ပီကို ဒဏ်ငွေ ယူရို ၄၀၀၀၀၊ ရူဒီဂါကို ဒဏ်ငွေ ယူရို ၃၀၀၀၀ နှင့် တစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့သော်လည်း အဆိုပါပြစ်ဒဏ်ကို ချက်ချင်းကျခံရမည် မဟုတ်ဘဲ နှစ်တစ်နှစ်အတွင်း ကျခံရမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တိုက်စစ်မှူး အမ်ဘာက်ပီနှင့် ခံစစ်ကစားသမား ရူဒီဂါတို့အနေဖြင့် လာမည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ် အဖြစ်ကစားရမည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဖြစ်သည်။

ယူအီးအက်ဖ်အေ အနေဖြင့် အေတီကိုအသင်းနှင့် ရီးရဲလ်မက်ဒရစ်တို့ ပွဲစဉ်အပြီးတွင် ၎င်းဖြစ်ရပ်တွင် ပါဝင်ခဲ့သည့် အမ်ဘာက်ပီ၊ ရူဒီဂါ၊ စီဘယ်လော့နှင့် ဗင်နီစီးယက်စ်တို့ကို အရေးယူမှုပြုလုပ်ရန် စစ်ဆေးခဲ့သော်လည်း ယခုအခါ အမ်ဘာက်ပီနှင့် ရူဒီဂါကိုသာ တစ်ပွဲပယ်နှင့် ဒဏ်ငွေ ချမှတ်ခဲ့ပြီး စီဘယ်လော့ကို ဒဏ်ငွေ ယူရို ၂၀၀၀၀ သာ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML

## အားကစားသတင်းအတိုအထွာများ

- အော့စ်ဘတ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တောင်ပံကစားသမား မူစီအာလာအနေဖြင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သောကြောင့် လာမည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်ကို ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ထုတ်ပြန်ခဲ့သည်။
- ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုက လာမည့် ၂၀၃၁ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၄၈ သင်းထိ တိုးမြှင့်ကစားရန် ဆုံးဖြတ်ခဲ့ပြီးနောက် ကွန်ကာကပ်ဇုန်မှ နိုင်ငံများနှင့် ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် ကြိုးပမ်းနေသည့် အမေရိကန်ဘောလုံးအဖွဲ့ချုပ်က အသင်းတိုးမြှင့်ကစားမည့်အစီအစဉ်ကို ထောက်ခံခဲ့ကြောင်း သိရသည်။

ML

## ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည်ဟု မူလာ အတည်ပြုပြောကြား



**ဘာလင် ဧပြီ ၅**

ဘိုင်ယန်မြူးနစ် အသင်းနှင့် လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် တိုက်စစ်မှူး မူလာက ၎င်းအနေဖြင့် အသင်းနှင့် သက်တမ်းတိုးရန် ဆန္ဒမရှိသောကြောင့် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၃၅ နှစ်ရှိ တိုက်စစ်မှူးသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၅ နှစ်ကြာကစားခဲ့ရာ ပထမအသင်းကြီးတွင် ပြိုင်ပွဲစုံ ပွဲ ၇၀၀ ကျော်ထိ ပါဝင်ကစားခဲ့ပြီး အဓိက ဆုဖလား အလုံး ၂၀ ကျော် ရယူနိုင်ခဲ့သော်လည်း ယခုနှစ် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းနှင့် သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး လာမည့် ဇွန်လတွင်ကျင်းပမည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နောက်ဆုံး ပါဝင်ကစားသွားမည်ကြောင်း သိရသည်။

မူလာက "ဒီနေ့မှာတော့ ၂၅ နှစ်ကြာကစားခဲ့တဲ့ ဘိုင်ယန်နဲ့ လက်တွဲဖြုတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အသင်းနဲ့လက်တွဲခဲ့တဲ့ ကာလတစ်လျှောက်မှာ အံ့အားသင့်စရာ အတွေ့အကြုံတွေရခဲ့တာဖြစ်ပါတယ်။ အဲ့ဒီကာလတွေမှာ ခက်ခဲမှုတွေရှိသလို မေ့မရနိုင်တဲ့အောင်မြင်မှုတွေလဲ ရယူနိုင်ခဲ့တာပါ။ ကလပ်အသင်းနဲ့ ကျွန်တော့်ကိုအားပေးနေတဲ့ ပရိသတ်တွေကိုတော့ အမြဲသတိရနေမှာပါ" ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူး မူလာသည် ဘိုင်ယန်မြူးနစ် စီနီယာအသင်းကြီးနှင့်အတူ ၂၀၀၈ ခုနှစ်က စတင်ပွဲထွက်ကစားခွင့်ရခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၇၄၃ ပွဲ ပါဝင်ကစားခဲ့သဖြင့် ပွဲအများဆုံး ပါဝင်ကစားခဲ့သည့် ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ကာ ဘွန်ဒက်လီဂါ ဆုဖလား ၁၂ ကြိမ်၊ ပိုကယ်ဖလား ခြောက်ကြိမ်၊ ချန်ပီယံလိဂ်နှစ်ကြိမ်၊ ယူအီးအက်ဖ်အေ စူပါဖလား နှစ်ကြိမ်၊ ဂျာမန်စူပါဖလား ရှစ်ကြိမ်၊ ဖီဖာကလပ် ကမ္ဘာ့ဖလား နှစ်ကြိမ် ရယူခဲ့နိုင်ခဲ့သဖြင့် ဖလား ၃၂ လုံး ရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Bundesliga.com
Trs : ML

## မန်စီးတီးအသင်းက ကွင်းရှေ့တွင် ဒီဘရိုင်း၏ရုပ်တုထားရှိ ဂုဏ်ပြုသွားမည်

**မန်ချက်စတာ ဧပြီ ၅**

မန်စီးတီးအသင်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည့် ဝါရင့်ကွင်းလယ်ကစားသမား ဒီဘရိုင်းကို ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏ရုပ်တု ထုလုပ်ထားရှိသွားမည် ဖြစ်ကြောင်း သိရသည်။

ဒီဘရိုင်းနှင့် မန်စီးတီးအသင်းတို့စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာမည်ဟု ဒီဘရိုင်းကိုယ်တိုင်က အတည်ပြုထားခြင်းဖြစ်သည်။

ဒီဘရိုင်းသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ထိပ်တန်းအဆင့် ခြေစွမ်းပြသနိုင်ခဲ့ကာ မန်စီးတီးအသင်း ဥရောပထိပ်တန်း အသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။



အသင်းနှင့်အတူ ချန်ပီယံလိဂ်၊ ပရီးမီးယားလိဂ်၊ ကလပ်ကမ္ဘာ့ဖလား၊ ဥရောပစူပါဖလား၊ အက်ဖ်အေဖလား၊ ကွာရာဘောင်းဖလား အပါအဝင် ဆုဖလား ၁၆ ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၁၃ ပွဲ ပါဝင်ကစားပေးထားပြီး ၁၀၆ ဂိုး သွင်းယူနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးကွင်းလယ်ကစားသမားများအနက် တစ်ဦး အပါအဝင် ရပ်တည်နိုင်ခဲ့ပြီး အသင်းဂန္ထဝင် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခံထားရသည့်အတွက် မန်စီးတီးအသင်းက ၎င်း၏ရုပ်တုကို အသင်းအိမ်ကွင်းရှေ့တွင် ထားရှိဂုဏ်ပြုမည်ဖြစ်သည်။

မန်စီးတီးအသင်းက ဒီဘရိုင်း မတိုင်မီကလည်း အဂူရိုနှင့် ဒေးဗစ်ဆေးဗားတို့ကို ဂုဏ်ပြုသည့်အနေဖြင့် ၎င်းတို့ရုပ်တုများကို အသင်းအိမ်ကွင်းရှေ့တွင် ထားရှိဂုဏ်ပြုထားကြောင်း သိရသည်။

Ref : B/R Football
Trs : STA

## Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟားမန်းဦးဆောင်

**တက္ကဆက် ဧပြီ ၅**



အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပနေသည့် Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဟားမန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား မစ်ချယ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဆမ်ရိုက်တာ၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား မက်ဝေါလေ့နှင့် ဂျပန်ဂေါက်သီးရိုက်ကစားသမား ဟိုင်ဆက်ဆူနီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဟာမန်းအနေဖြင့် ပထမနေ့နှင့် ဒုတိယနေ့တို့၌ စွမ်းဆောင်ရည်ကောင်းကို ထိန်းသိမ်းနိုင်ခဲ့ပြီး ပထမနေ့တွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်နိုင်ခဲ့သလို ဒုတိယနေ့တွင်လည်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်နိုင်ခဲ့သည်။

ဟားမန်းက "နှစ်ရက်စလုံး အကောင်းဆုံး လုပ်နိုင်ခဲ့တယ်။ ရလဒ်တွေလည်း တူညီခဲ့ပြီးတော့ အရင်တုန်းကလည်း ဒီလိုပုံစံကောင်းမျိုးနဲ့ ပြိုင်ပွဲတချို့မှာ ကစားနိုင်ခဲ့ဖူးတယ်။ ကျင်းစိမ်တဲ့အပိုင်းမှာတော့ တော်တော်လေးကို အဆင်ပြေခဲ့တယ်။ ရလဒ်ကောင်းအောင်လို့လည်း ပွဲအပေါ်သေချာ အာရုံစိုက်ဖြစ်ခဲ့တယ်။ ဘယ်ခြေ၊ ညာခြေတွေရဲ့ အနေထား လှုပ်ရှားမှုအားလုံးကိုလည်း သေချာဂရုစိုက်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ The Masters မှာ ရလဒ်ကောင်းဖို့အတွက်လည်း ဒီပြိုင်ပွဲမှာကတည်းက ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗြိတိန်က FPV ဒရုန်းအစင်း ၁၈၀ အမြန်ဝယ်ယူနိုင်ရေး Viking Arms ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ဗြိတိန်ကြည်းတပ်၏ လေ့ကျင့်ရေးအခန်းကဏ္ဍကို အထောက်အပံ့ပေးရန်အတွက် ကုန်ကျစရိတ်သက်သာသော FPV ဒရုန်းအစင်း ၁၈၀ အမြန်ဝယ်ယူနိုင်ရေး Viking Arms ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဧပြီလ ၃ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၃၃၆၈၀၅ တန်ဖိုးရှိ အဆိုပါ FPV ဒရုန်းများ အမြန်ဝယ်ယူရေးတွင် ဒရုန်းအမျိုးအစားအုပ်စု သုံးစုကို တစ်စုလျှင် အစင်း ၆၀ မှာယူထားခြင်းလည်းဖြစ်သည်။

ဒရုန်းအမျိုးအစားများမှာ ငါးလက်မ (၁၂ စင်တီမီတာ)၊ ရှစ်လက်မ(၂၀ စင်တီမီတာ)နှင့် ၁၀ လက်မ (၂၅ စင်တီမီတာ) တို့ပါဝင်မည်ဖြစ်သည်။ အသုံးပြုရလွယ်ကူစေရန်အတွက် အင်တင်နာများ၊ ထိန်းချုပ်ရေးကိရိယာများနှင့် မျက်မှန်များကဲ့သို့ မရှိမဖြစ် အသုံးအဆောင်ပစ္စည်းများလည်း ပါဝင်မည်ဖြစ်သည်။ ဒရုန်းများလက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ဒရုန်းများမောင်းနှင်ပျံသန်းရန် အထူးဖွဲ့စည်းထားသော ဒရုန်းပိုင်းလေ့ သင်တန်းသားသစ်များကို လေ့ကျင့်သင်တန်းပေး၍ ခေတ်သစ်စစ်ပွဲအတွက် ၎င်းတို့၏စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

လက်တွေ့ကျကျ တိုက်ပွဲဝင်လုပ်ငန်းစဉ်များအတိုင်း ပံ့ပိုးပေးနိုင်ရန်အတွက် ဒရုန်းများတွင် တင့်ဖျက်ခဲယမ်းများ၊ တပ်ဖွဲ့ဝင်များ တိုက်ခိုက်ချေမှုန်းရေးခဲယမ်းများနှင့် အဆောက်အအုံဖျက် ခဲယမ်းများစသည်ဖြင့် အဖျက်စွမ်းအားပြင်း Pay-loads များ တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ အတွေ့အကြုံရှိပြီးသားနည်းပြဆရာများကို လေ့ကျင့်ရေးကွင်းနှင့် အသားကျသင်ကြားပေးနိုင်ရန် ဖွဲ့စည်းတာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဤသို့ FPV ဒရုန်းများ ဝယ်ယူရေးလုပ်ငန်းစဉ်ကို အချိန်တိုအတွင်း လျင်မြန်စွာဆောင်ရွက်လာနိုင်မှုသည် စစ်ဘက်နည်းပညာတွင် ရှေ့တန်းကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ဗြိတိန်နိုင်ငံ၏ ကြိုးပမ်းချက်တစ်ရပ်လည်းဖြစ်သည်။ FPV ဒရုန်းများ ကိုင်တွယ်အသုံးပြု တိုက်ပွဲဝင်နိုင်စေရန် လေ့ကျင့်သင်တန်းပေးနိုင်ခြင်းဖြင့် စစ်မြေပြင်တွင် နေ့ညမရွေး အဆုံးအဖြတ်ပေးနိုင်သောနည်းဗျူဟာမြောက် အားသာချက်များ ပိုင်ဆိုင်ထားနိုင်စေလိမ့်မည် ဖြစ်သည်ဟု ဗြိတိန်ကြည်းတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

FPV ဒရုန်းများ ဝယ်ယူမှုသည် ပလက်ဖောင်း၊ တည်နေရာ သို့မဟုတ် နည်းပညာမခွဲခြားဘဲ မည်သည့်စက်ပစ္စည်းများကြားတွင်မဆို ချောမွေ့စွာဆက်သွယ်လုပ်ဆောင်နိုင်မှုရှိစေရန် ရည်ရွယ်ထားသည့် ဗြိတိန်နိုင်ငံ၏ Any/Any Networkကမ်ပိန်းနှင့် ကိုက်ညီမှုရှိသည်။ အဆိုပါ ပဏာမခြေလှမ်းသည် ဒစ်ဂျစ်တယ်စနစ်များဖြင့် ပေါင်းစပ်ထားသော စစ်မြေပြင်ကို မျှော်မှန်းထားပြီး FPV ဒရုန်းများဖြင့် လေ့ကျင့်သင်တန်းပေးရေး စနစ်တစ်ရပ် ဖွဲ့စည်းတည်ထောင်နိုင်ခြင်းသည် အနာဂတ်ကွန်ရက်အခြေပြုမစ်ရှင်များအတွက် အပြန်အလှန် ချိတ်ဆက်ထားသောစနစ်များကြား တိုက်ပွဲဝင်လုပ်ဆောင်ရန် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

ထို့ပြင် ယူကရိန်းပဋိပက္ခမှ သင်ခန်းစာ ဖော်ထုတ်ချက်များကြောင့် ဗြိတိန်တပ်မတော်ကို ခိုင်မာအားကောင်းစေရန် အရေးပေါ်ကြိုးပမ်းလုပ်ဆောင်နေမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံစလုံးသည် လက်ရှိပဋိပက္ခတွင် FPV ဒရုန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတိုက်ပွဲဝင်ခဲ့ပြီး စစ်မြေပြင်တွင် ထောက်လှမ်းခြင်း၊ ပစ်မှတ်များဖော်ထုတ်ခြင်းနှင့် တိကျသောတိုက်ခိုက်မှုများအတွက် ကောင်းစွာအသုံးချနိုင်ခဲ့ကြောင်း သိရသည်။

**UK Taps Viking Arms to Deliver 180 FPV Drones in 19 Days** ကို ဘာသာပြန်ဆိုထားပါသည်။

## လတ်ဗီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက Saab ကုမ္ပဏီထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုဝယ်ရန် မှာယူထား



လတ်ဗီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီထုတ် လေကြောင်းရန် ကာကွယ်ရေးစနစ်ကို နှစ်နိုင်ငံကြား သဘောတူညီချက်အရ ဝယ်ရန် မှာယူထားကြောင်းThe Defense Post သတင်းဌာနက ဧပြီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Saab ကုမ္ပဏီသည် ၎င်း၏ တာတိုပစ်မြေပြင် အခြေစိုက် RBS 70 NG လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၉ သန်း တန်ဖိုးရှိသော ပစ်ခတ်မှုစနစ်များ၊ လေ့ကျင့်ရေးစနစ်များနှင့် ဒုံးကျည်များ ပံ့ပိုးပေးမည်ဖြစ်သည်။ လွှဲပြောင်းပေးပို့မှုများကို လာမည့် ၂၀၂၆ ခုနှစ်နှင့် ၂၀၃၀ ပြည့်နှစ်များတွင် ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

Saab ကုမ္ပဏီသည် လတ်ဗီးယားအမျိုးသား လက်နက်ကိုင်တပ်ဖွဲ့များကို ဝေဟင်ခြိမ်းခြောက်မှုများ ရှာဖွေဖော်ထုတ်ရန်နှင့် တိုက်ပွဲဝင်နိုင်ရန် အရေးကြီးသောစွမ်းရည်ကိုသိသာထင်ရှားစွာ အဆင့်မြှင့်တင်ပေးနိုင်မည့် အားကောင်းသည့် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ဖြင့် ဆက်လက်ပံ့ပိုးပေးနေသည်ဟု ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌနှင့် Business Area Dynamics အကြီးအကဲ Görgen Johansson က ပြောကြားခဲ့သည်။

ဤဝယ်ယူမှုသည် အရှေ့ဘက်ခြမ်းတွင် ရုရှားနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လတ်ဗီးယားနိုင်ငံ၏ ကာကွယ်ရေးကို ခိုင်မာအားကောင်းစေလိမ့်မည်ဖြစ်ပြီး NATO မဟာမိတ်အဖွဲ့၏ အရှေ့ဘက်ခြမ်းဧရိယာကို လွှမ်းခြုံအားဖြည့်ပေးနိုင်မည်ဖြစ်သည်။

RBS 70 NG လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ရန်သူ့လေယာဉ်များ၊ မောင်းသူမဲ့ လေယာဉ်များနှင့် ဒုံးကျည်များကို အကွာအဝေး ၅ ဒသမ ၅ မိုင်ထိ နေ့ရောညပါ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။ ၎င်းတွင် အလိုအလျောက်ပစ်မှတ်ခြေရာခံထိန်းကျောင်းရေးစနစ်ပါရှိပြီး တိုက်ပွဲဝင်တိကျမှုနှင့် လျင်မြန်စွာတုံ့ပြန်နိုင်မှုတို့ဖြင့် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်စေမည်ဖြစ်ကာ ငါးစက္ကန့်အတွင်း ကျည်ပြန်ထိုးနိုင်မည်ဖြစ်သည်။ ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ် Man-Portable Air Defense System (MANPADS) သည် အမျိုးမျိုးသောမစ်ရှင်များအတွက် လတ်ဗီးယားတပ်ဖွဲ့များကို လိုက်လျောညီထွေဖြစ်စေရန် ပံ့ပိုးပေးထားပြီး ၎င်း၏ဖိဖျက်နှောင့်ယှက်မှုဒဏ်ခံနိုင်သော လေဆာလမ်းညွှန်ထိန်းကျောင်းမှုစနစ်သည် အီလက်ထရွန်နစ်စစ်ပွဲတွင် တိုက်ပွဲဝင်ထိရောက်မှုရှိကြောင်း သေချာစေသည်။ ဖေဖော်ဝါရီလတွင်ဆွီဒင်နိုင်ငံသည် ယူကရိန်းနိုင်ငံအတွက် ရည်ရွယ်ထားသည့် RBS 70 NG ပါဝင်သည့် စစ်ဘက်ဆိုင်ရာအကူအညီပေးရေးအစီအစဉ်တစ်ရပ်ကို ကြေညာခဲ့သည်။

ဤဆောင်ရွက်ချက်သည် ဥရောပ၏ လုံခြုံရေးအခြေအနေ၊ အထူးသဖြင့် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် မြင့်တက်လာသောခြိမ်းခြောက်မှုများကိုတုံ့ပြန်သည့် အနေဖြင့် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ လတ်ဗီယားနိုင်ငံ၏ RBS 70 NG ဝယ်ယူမှုသည် ဒေသတွင်းလုံခြုံရေးအတွက် အရေးကြီးသောခြေလှမ်းတစ်ခုဖြစ်သည်။ Saab ၏ ဤစနစ်သည် ခေတ်မီလေကြောင်းခြိမ်းခြောက်မှုများကို ကာကွယ်နိုင်စွမ်းရှိပြီး NATO အဖွဲ့၏ ကာကွယ်ရေးအစီအမံများနှင့် ကိုက်ညီမှုရှိသည်။ ရုရှားထံမှစစ်ရေးခြိမ်းခြောက်မှုများဖြစ်ပေါ်လာနိုင်သည်ဟုရှုမြင်နေသရွေ့ ဘောလ်တစ်နိုင်ငံများနှင့် ဥရောပ NATO အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ ကာကွယ်ရေးစွမ်းရည်ကိုအလေးထား၍ အဆင့်မြှင့်တင်လာကြမည်ကို ဆက်တိုက်မြင်တွေ့ရဖွယ်ရှိနေကြောင်း သိရသည်။

**Latvia Boosts Air Defense With RBS 70 NG Order From Saab** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# မျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်

**အာကာမောင်မောင်**

သဘာဝဘေးဆိုသည်မှာ ကြိုတင်မျှော်မှန်းထားသည့်အရာမဟုတ်သည့်အတွက် သဘာဝဘေးမှန်သမျှသည် လူတို့အတွက် ဆိုးကျိုးများသာဖြစ်စေတတ်သည်။ မိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းစသည်တို့မှာ မဖြစ်မီကပင် ရှောင်တိမ်းကာကွယ်နိုင်ရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက မိုးလေဝသ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသည့်အတွက် ကြိုတင်ပြင်ဆင်ချိန်ရရှိနိုင်သည်။ သို့ရာတွင် ငလျင်လှုပ်ခတ်ခြင်းနှင့်ပတ်သက်၍ မည်သူကမျှ ကြိုတင်ထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်က အင်အား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိသည့် အင်အားပြင်း မြေငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့ကြသည်။ မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီများပေးရန်အဆင်သင့်ရှိကြပြီး ထိခိုက်ခံစားရသည့် မြန်မာပြည်သူများ ဘေးအန္တရာယ်ကျော်လွှားနိုင်ရေးနှင့် မြန်မာနိုင်ငံကို အစောဆုံးပြန်လည်တည်ဆောက်နိုင်ရေး အကူအညီများပေးအပ်မည်ဖြစ်ကြောင်းလည်း ဖော်ပြကြသည်။ ငလျင်ဒဏ်ခံစားရသည့်ပြည်သူများအတွက် စိတ် မကောင်းဖြစ်မိပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း၊ ယခုကဲ့သို့ ခက်ခဲသည့် အချိန်ကာလတွင် မြန်မာပြည်သူများနှင့်အတူတကွ ရပ်တည်လျက်ရှိပါကြောင်းတို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီးဖော်ပြထားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့်လည်း ငလျင်ဖြစ်ပွားပြီး နာရီပိုင်းအတွင်း ငလျင်ဒဏ်ခံစားရသည့်ပြည်သူများထံ ရောက်ရှိအားပေးကာ လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ပြင်းထန်စွာငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်၍ မိဘပြည်သူများသို့ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် "**ကျွန်တော်ကိုယ်တိုင်လည်း ရောက်ရှိကြည့်ရှုပြီးလည်းဖြစ်ပါတယ်။ မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးကြောင့်ဖြစ်လာတဲ့ ဒီငလျင်ဒဏ်ကို ကယ်ဆယ်ရေးလုပ်ငန်းတွေ ကျယ်ပြန့်စွာလုပ်ဖို့ရှိတဲ့အတွက်ကြောင့် တတ်နိုင်သလောက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဖြစ်ပွားတဲ့ဒေသအားလုံးကိုလည်း အရေးပေါ်အခြေအနေကြေညာထားပြီးတော့ ပြည်ပအကူအညီများပေးနိုင်ဖို့လည်း အကုန်လမ်းဖွင့်ပေးထားပြီးဖြစ်ပါတယ်**"ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုကြုံတွေ့ခဲ့ရသည့်ငလျင်မှာ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ပထမအကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မျှော်လင့်မထားသည့်သဘာဝဘေးဖြစ်ပြီး ကြိုတင်သိရှိနိုင်ခြင်းမရှိသည့်အတွက် ပြင်ဆင်ချိန်မရ၍ ပျက်စီးဆုံးရှုံးမှုများပြားခြင်းဖြစ်သည်။ သဘာဝဘေးမှာ တားဆီး၍မရနိုင်သဖြင့် ကြောက်ရွံ့နေမည့်အစား အားတင်းကာ ရင်ဆိုင်ကြရမည်ဖြစ်သည်။ ငလျင်ဒဏ်ခံပြည်သူများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်တွင်းပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များကလည်း ကူညီပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်များနှင့် ဖုန်းဆက်သွယ်ပြောကြားခဲ့သည်။ ဖုန်းဆက်သွယ်ပြောကြားပြီးသည်နှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်ရန် လူနှင့်ပစ္စည်းများ ပို့ဆောင်ပေးခဲ့ကြသည်။ မြန်မာနိုင်ငံသည် မိတ်ကောင်းဆွေကောင်းပေါများသည့်နိုင်ငံဖြစ်သည့်အတွက် အရေးပေါ်အခြေအနေဖြစ်လာပါက ပြည်ပနိုင်ငံများက အချိန်နှင့်တစ်ပြေးညီ အကူအညီပေးလျက်ရှိသည်။

**❖စုစည်းညီညွတ်သောစွမ်းအားဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကိုစိတ်ဓာတ်ခိုင်မာမှု၊ ယုံကြည်မှုတို့ဖြင့် အပြန်အလှန်ဖေးမကူညီလက်တွဲကာ အခက်အခဲများကို ကျော်ဖြတ်လျက်ရှိသည်။ မြန်မာနိုင်ငံသားအားလုံးက မိမိတို့တတ်စွမ်းနိုင်သည့် လူအား၊ ငွေအား၊ ပစ္စည်းအားများဖြင့်လည်း ကူညီလျက်ရှိကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငလျင်ဒဏ်ခံစားရသည့် ပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ❖**

ထိုသို့အကူအညီပေးခြင်းများအတွက် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများကလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ၃၁-၃-၂၀၂၅ ရက်မှ ၆-၄-၂၀၂၅ ရက်ထိ ၇ ရက်ကို သတ်မှတ်ကြေညာထားသည်။ နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူထားပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံတကာမှအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကမ္ဘာကျော်အားကစားအသင်းအဖွဲ့ချုပ်နှင့် ဘောလုံးအသင်းများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှလည်း ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခြင်း၊ အားကစားပွဲများမစတင်မီ တစ်မိနစ်ငြိမ်သက်ခြင်း၊ ထပ်တူဝမ်းနည်းရပါကြောင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်အခက်အခဲများအား အောင်မြင်စွာကျော်လွှားနိုင်ပါစေကြောင်း ရေးသားထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်ငံအတွင်းမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့်တာဝန်သိတိုင်းရင်းသား မိဘပြည်သူများအားလုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီပါဝင်ကူညီလျက်ရှိကြသည်။ စုစည်းညီညွတ်သောစွမ်းအားဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကို စိတ်ဓာတ်ခိုင်မာမှု၊ ယုံကြည်မှုတို့ဖြင့် အပြန်အလှန်ဖေးမကူညီလက်တွဲကာ အခက်အခဲများကို ကျော်ဖြတ်လျက်ရှိသည်။ မြန်မာနိုင်ငံသားအားလုံးက မိမိတို့တတ်စွမ်းနိုင်သည့် လူအား၊ ငွေအား၊ ပစ္စည်းအားများဖြင့်လည်းကူညီလျက်ရှိကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငလျင်ဒဏ်ခံစားရသည့်ပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် ငလျင်ကြီး ၁၈ ကြိမ်အနက် ၁၉၁၂ ခုနှစ် မေလ ၁၃ ရက်တွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား ၈ ရစ်ချ်တာစကေးရှိ မေမြို့ငလျင်သည် အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ ယခုမတ်လ ၂၈ ရက်ကလှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးငလျင်သည် ဒုတိယအပြင်းထန်ဆုံးဖြစ်သည်။ ယခုလှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် အဆောက်အအုံများ၊ လမ်းတံတားများ ပျက်စီးမှုရှိခဲ့သလို လူများထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆုံးရှုံးမှုများပြားခဲ့သည်။ ထို့ကြောင့်ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီ ၁ ရက် နေ့လယ် ၁၂ နာရီတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ် "**ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် စီးပွားရေးကဏ္ဍကိုလည်း တိုးတက်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ငွေကြေးတတ်နိုင်သူများအနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း**"ထည့်သွင်းပြောကြားခဲ့သည်။

နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ငွေသား ၁၀၄ ဒသမ ၄၄ ဘီလီယံ၊ အလှူပစ္စည်း ၁၂ ဒသမ ၄ ဘီလီယံစုစုပေါင်း ငွေကျပ် ၁၁၆ ဒသမ ၈၄ ဘီလီယံ လက်ခံရရှိခဲ့သည်။

နိုင်ငံတော်အနေဖြင့် ငွေကျပ် ဘီလီယံ ၅၀၀ ကို မတည်၍ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ငလျင်နှင့်ပတ်သက်၍ ၁၉၁၂ ခုနှစ်ခန့်မှစတင်၍ ငလျင်လှုပ်ခတ်ခဲ့သည့် သင်ခန်းစာများ များစွာရရှိခဲ့ပြီဖြစ်သည်။ အဆောက်အအုံများနှင့်ပတ်သက်၍လည်း အဆောက်အအုံများဆောက်လုပ်ရာတွင် ဖြစ်ပေါ်လာနိုင်မည့် ငလျင်ဒဏ်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သည်များရှိခြင်းကြောင့် ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးတွင် မလိုလားအပ်ဘဲ သေဆုံးခဲ့ရမှုများ၊ ဒဏ်ရာရရှိခဲ့ရမှုများနှင့် အပျောက်အဆုံးများရှိခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခြင်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပေသည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်အဖျက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်စေရေးအပြင် အခြားသောအဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်နေမှုများရှိသည်။

တပ်မတော်အနေဖြင့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စခန်းကိုမျှ ဦးစွာတိုက်ခိုက်ခဲ့ခြင်းမရှိဘဲ ၎င်းတို့လာရောက်တိုက်ခိုက်မှသာလျှင် လိုအပ်သည့်တုံ့ပြန်မှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်တွေ့ကျကျထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးကို တွေ့ဆုံဆွေးနွေးရန် အမြဲဖိတ်ခေါ်တံခါးဖွင့်ထားလျက်ရှိသည်။ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အရသာကို ခံစားနိုင်ရေး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြောင့်တန်းမှုရှိစေရေးကို ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးနေစဉ်အတွင်းမှာပင် မမျှော်လင့်သော သဘာဝဘေးအန္တရာယ်ဖြစ်သည့် ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခြင်းကို ကြုံတွေ့ရခြင်းဖြစ်သည်။

ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို သင်ခန်းစာယူ၍ လမ်းတံတားနှင့်အဆောက်အအုံများဆောက်လုပ်ရာတွင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်စံနှုန်းများကို စနစ်တကျတွက်ချက်ဆောက်လုပ်ရေး၊ စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခု လှုပ်ခတ်ခဲ့သည့် ငလျင်ဆိုင်ရာအချက်အလက်နှင့် ဖြစ်ပေါ်မှုများကိုလည်း စနစ်တကျမှတ်တမ်းပြုစုထားရှိကြရမည်ဖြစ်သည်။ အတွေ့အကြုံသည် အနာဂတ်အတွက် သင်ခန်းစာကောင်းများဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ တစ်ကြိမ်မဟုတ်တစ်ကြိမ် ကြုံတွေ့နေရမည့်အရာဖြစ်သည်။ ထိုသဘာဝဘေးအန္တရာယ်ကို ပြည်သူများအနေဖြင့် ကြောက်ရွံ့နေစရာမလိုဘဲ အားတင်းရင်ဆိုင်ကြရမည်ဖြစ်သည်။

လက်ရှိအနေအထားတွင် ပြည်တွင်းပြည်ပမှ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခြင်း၊ အလှူရှင်များက မိမိတို့တတ်စွမ်းနိုင်သမျှ လှူဒါန်းမှုပြုခြင်း၊ ရှာဖွေကယ်ဆယ်ပေးခြင်းများကြောင့် အသက်ရှင်သူများကို ကယ်ဆယ်နိုင်ခြင်းများတွေ့မြင်နေရပြီဖြစ်၍ မမျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်သည် မဖိတ်မခေါ်ဗြုန်းစားကြီးရောက်ရှိလာသည့် ဧည့်သည်နှင့်သဏ္ဌာန်တူသည်။ မျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်ကို ရဲရဲရင့်ရင့်ရင်ဆိုင်ရင်း မိမိတို့၏ လူမှုစီးပွားဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Union Government meeting


Senior General Min Aung Hlaing addresses the Union Government meeting.

**Nay Pyi Taw April 5**

Union Government of the Republic of Union of Myanmar held a meeting at the meeting hall of the State Administration Council Chairman's Office this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, Joint SAC Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, and officials. Region/state chief ministers took part in the meeting through video conferencing.

**One-minute silence**

Before the start of the meeting, a one-minute silence was observed as an indication of condolences for the loss of life and property damages.

**Losses caused by severe earthquake**

In his address, the Senior General said although it is a Union Government meeting, it is a special one that was also attended by SAC members. A powerful 7.7 magnitude earthquake jolted Nay Pyi Taw Council Area, Mandalay, Bago and Sagaing regions and Shan State on 28 March, causing loss and destruction. During the past 100 years, Myanmar faced 6 magnitude and above earthquakes for 18 times, and the recent one is the second most severe earthquake. An 8-magnitude earthquake that struck PyinOoLwin in 1912 is the most powerful one in Myanmar. If the recent earthquake jolted during the night, the scope of casualties and damages will be unthinkable, so, one fortunate thing from this misfortune is that it struck during the day time.

Up to now, 3455 persons died, 4840 injured and 314 went missing due to the severe earthquake, totalling over 8600. Although, detailed list is not available yet, the earthquake had destroyed 5223 buildings, 1824 schools, 2752 monasteries and nunneries, 4817 pagodas, 167 hospitals, Yangon-Nay Pyi Yaw-Mandalay railroad and motor road, 169 bridges. Moreover, some railway stations, 198 dams and 183 sections of the expressway suffered damages. Hence the extent of loss and damage is high.

**Lives can be saved in future only if the strength of buildings is guaranteed**

There were fatalities due to collapsed buildings, which is a lesson we have learned only after many lives were loss. Hence, earthquake-resistant technology must be applied to ensure that buildings are earthquake proof. Myanmar is at the mercy of Sagaing Fault. Friction of plates at the fault triggers the severe earthquake that was followed by 79 aftershocks. Normally 6 to 7 magnitude earthquakes occur in Myanmar and 8 magnitude earthquake is the highest. So, we must build earthquake-resistant buildings in the earthquake prone areas.

The degree of loss and destruction was high because of the lack of consideration on building strength. Visual inspection found that some buildings did not meet the engineering specifications, and legal action must be taken against the developers. In the future, construction organizations and town development bodies must check the strength of buildings in cooperation with township and district committees. This procedure will save many lives in the future and alleviate unnecessary losses and damages.

**Carry out rehabilitation in five phases**

**Remove all debris**

As nine days have passed, debris clearing is underway. Rescue, relief and rubble removing undertakings are carried out by members of Myanmar Fire Services Department, Myanmar Police Force, Tatmadaw, welfare organizations, and international rescue and relief teams. All debris must be cleared at earliest possible time. The Senior General is now making arrangements for adequate availability of food, personal items, temporary tents and temporary hospitals of the earthquake victims through discussions with foreign countries.

**Restore roads through swift means**

The country needs quick recommencement of road transport. Damaged roads, railroads and bridges are under repair. The collapsed Sagaing Bridge is being repaired to restart train runs, and according to initial reports, a foreign country is willing to provide assistance in this project. This bridge is the main railroad section in travelling to upper Myanmar by train. Hence, arrangements will be made to restore train services. As Yadanabon Bridge faced bolt loosening it is not safe for transport, so the facility must be repaired as quickly as possible.


Senior General Min Aung Hlaing inspects damage caused by the earthquake.

**Convenient accommodation for earthquake victims and settlement of them at temporary buildings before monsoon**

Due to the damage caused by the earthquake to residential buildings, most people are currently living outside of their homes. Therefore, guidance has been given to the Ministry of Social Welfare, Relief and Resettlement to issue all temporary tents be deployed to ensure proper temporary shelter for the affected people. To prevent the outbreak of diarrhoea, it is necessary to construct temporary latrines that meet sanitation and health standards. Preventive and treatment medicines for diarrheal diseases should also be adequately supplied. To ensure access to clean drinking water, purified water is being supplied and it is working on acquiring water purification machines from international sources. In the meantime, while there is still an insufficient supply of purified water, measures should be taken to ensure people boil their water before drinking. The government will continue to provide necessary support to ensure the well-being of the earthquake-affected population. Officials have to collaboratively contribute to these efforts. During the temporary sheltering period, arrangements must be made to ensure families can live safely and securely. All necessary needs should be comprehensively assessed and fulfilled from various perspectives.

**Physical and mental treatment for affected people**

Due to the occurrence of damage and losses, efforts need to be made to ease psychological trauma. It is necessary to provide support to parents, children, and relatives who have suffered the loss of loved ones and address the emotional impacts. For those who have sustained severe injuries resulting in the loss of limbs, efforts should be made to provide medical treatment and the installation of prosthetics for rehabilitation. It is essential to ensure that treatments continue until full recovery from injuries. Following the intense disaster, many injured individuals sought treatment at Nay Pyi Taw General Hospital, and treatment efforts were also extended to Nay Pyi Taw Military Hospital. Additionally, temporary medical centers were set up in Pyinmana City, at the football ground in Paunglaung, and in the Shwekyapin ward. Medical teams from foreign countries have also been providing treatment. Immediate medical treatment is required for the injured, and efforts should continue until their recovery.

**Rehabilitation**

Regarding the recovery and reconstruction efforts related to the damages and losses, it is necessary to quickly rebuild the structures that can be repaired before the rainy season.

*See Page 12*

*From Page 11*

The government will also assist in these efforts. While attending the BIMSTEC summit, he also mentioned that member countries of BIMSTEC would help Myanmar obtain construction materials for reconstruction. Concerning the reconstruction efforts, areas without land ownership disputes will first carry out the necessary clearing processes, after which the buildings will be rebuilt. It is important to complete the rebuilding of the structures that can be repaired before the rainy season. I urge for the swift completion of the recovery and reconstruction efforts.

Officials for construction should ensure that buildings are constructed to withstand at least up to a magnitude 8 earthquake level. If any previously constructed buildings are currently experiencing cracks or lack structural integrity, they should be demolished. The measures taken in advance will help save many lives in the future. Therefore, it is essential that everyone places a strong emphasis on ensuring the construction of durable buildings.

In the process of repairing buildings that were damaged, it is necessary to carefully inspect and carry out repairs systematically. If the previous damages are not repaired systematically, there is a risk of future collapse or destruction. It is important to ensure that the buildings affected are rebuilt to be sturdy and resilient.

**Need to operate agriculture and livestock tasks without halting not for difficulties in food supply**

The authorities responsible for restoring agricultural activities in the regions affected by the earthquake must take action to ensure that these activities can resume. To ensure sufficient irrigation for agriculture, it is necessary to implement river water pumping projects using solar energy. Similarly, livestock farming activities should be expanded in the regions that were not affected by the earthquake, and if this is carried out effectively, it will significantly support the country's food supply. It is necessary to manage for the people not to be concerns about food security.

**A plan to provide assistance for quake-affected loss and damage**

It is stated that a compensation of K1 million per person will be provided for those who lost their lives due to the earthquake. Regarding the damage to buildings, assistance will be provided by the government based on the extent of the damage. Moreover, construction entrepreneurs are urged not to engage in illegal activities such as excessively raising prices or selling at inflated rates. Regional and state government officials are expected to implement strict measures to ensure compliance with these guidelines.

Regarding the upcoming Thingyan festival, which is currently a topic of widespread discussion, it is important to note that, due to the circumstances, it would not be appropriate to celebrate with the usual extravagant joy and festivities like in previous years. Therefore, it is requested that everyone observe the Thingyan period peacefully and calmly throughout the country. In accordance with tradition, it is encouraged to engage in water-based activities only. At this time, it is essential to focus on completing important tasks swiftly and efficiently. Union ministers and deputy ministers are also advised to visit the relevant departments in regions and states that have experienced disruptions, to offer support and ensure that necessary needs are addressed.

**Explained matters related to their respective sectors**

Afterwards, the Union Ministers attending the meeting presented reports on their respective sectors.

Then, the Union Ministers, Chief Ministers of Regions and States, and Union-level officials in attendance held a general discussion on the natural disaster resulting from the earthquake. They discussed the possibility of aftershocks and additional large earthquakes following the major quake. Efforts are underway to repair damaged roads, railways, and airstrips as quickly as possible. They also addressed the arrival of aircraft carrying relief supplies and rescue teams from foreign countries, as well as the provision of temporary office buildings and accommodations for staff whose offices and housing were damaged by the earthquake. They also discussed the possibility of arranging modular housing for those affected by the earthquake to use as temporary shelter before the onset of the rainy season, as well as the conditions for conducting international and rapid assessments. They emphasized the need to reconstruct buildings, roads, and bridges requiring renovation in accordance with the guidelines set by the committee established for the rebuilding process. For the buildings damaged by the earthquake that are insured, inspections and monitoring are being carried out in line with procedures for obtaining insurance compensation. They highlighted the need to prepare a study and analysis report on the recent earthquake disaster, as well as the ongoing efforts to provide assistance to the affected areas by international organizations and other relevant groups. They also noted that state-owned media outlets are broadcasting images of relief efforts in the earthquake-affected areas and offering essential information to the public. They discussed efforts to facilitate the recovery of agricultural and farming industries affected by the earthquake, including fieldwork to provide necessary information to prevent further damage and losses. They also discussed the situation regarding the provision of drinking water in areas with limited access, as well as the damage to power systems caused by the earthquake. Repair work has been completed, and efforts are ongoing to restore normal electricity supply. They also discussed the provision of emergency healthcare in earthquake-affected areas and the urgent need to repair damaged hospitals and operating rooms. To prevent the spread of infectious diseases, sanitation activities and the provision of clean drinking water are being carried out in the relevant regions. Experts from the Myanmar Engineering Council, the Myanmar Federation of Engineers, the High-rise and Public Building Construction Projects, the Supervision and Inspection Team, the Myanmar Earthquake Committee, and the Joint Investigation Team from the Special Task Force Committee are testing buildings damaged by the earthquake using modern equipment. The aim is to classify the buildings into those that can be repaired, those requiring major repairs, and those deemed irreparable and at risk of demolition. They discussed the ongoing efforts to document, analyze, and determine future actions to address the damage caused by the earthquake. International aid supplies are being systematically checked, recorded, and distributed as quickly as possible to the affected regions. They also discussed the extent of the damage and loss caused by the earthquake, as well as the ongoing relief and rehabilitation efforts in each affected region and state. This includes the necessary assistance and support provided to those affected, along with the provision of housing and food.

Then, the Vice-Senior General stated that the Myanmar National Disaster Management Committee has been operational since the day the earthquake occurred, carrying out necessary tasks promptly and efficiently. The matter is being reported to the State Administrative Council and is being implemented in accordance with its directives. He also stated that, in terms of international cooperation, emergency relief teams from 26 countries are working alongside relief teams from Myanmar. In this regard, relief teams are not permitted to operate independently, regardless of other organizations. They must be entities that have obtained prior authorization, and a policy will be implemented to ensure that permission is granted only in cooperation with relevant officials. Regional and state chief ministers should permit aid and relief teams, as well as NGOs, to enter their respective areas only if they collaborate with local aid and relief teams. Regarding the earthquake, the Prime Minister and Chairman of State Administrative Council has set a policy to swiftly remove debris from damaged areas, repair buildings in need of restoration, and proceed with rehabilitation efforts, following the established procedures.

Priority must be given to provision of shelter for all earthquake victims before the rainy season starts. Similarly, measures must be taken to replace damaged schools with temporary school buildings. As donating assistance according to one's own arrangement without reporting to relevant authorities may lead to undesirable administrative issues, it is necessary for donors to contact relevant government officials. It is necessary for the public to report rumourmongers and those who spread fake news with the aim of inciting fears among the public and creating mistrust of the government to relevant authorities and the government will take necessary action immediately.

**Additional instructions given**

Concerning the reports of the officials, the Senior General said that measures must be taken to reopen all communication and transportation routes as soon as possible. In connection with foreign aid, it is necessary to scrutinize foreign aid systematically because there are some organizations that aim to distribute aid to true earthquake-hit areas but there may be others who enter the country for negative purposes by exploiting the earthquake. Relief items must be delivered to the needy as soon as possible. In distributing relief items, it is necessary to systematically compile statistics to ensure that all victims who should receive aid receive relief items. Responsible officials are required to monitor relief works to ensure that statistics are not overlapped and no one is left in aid distribution. Among the injured due to the earthquake, those who lost limbs must be recorded systematically.

Then, the Senior General made concluding remarks, saying it is necessary to construct buildings that are tidy and strong. Systematic measures must be taken for religious buildings. It is also important to reconstruct monasteries and mosques in accordance with previous permissions. Similarly, similar measures must be taken for Christian churches if they were damaged during the earthquake and systematic measures must be taken for religious buildings. In connection with schools, it is necessary to take measures to repair and reopen primary schools before the upcoming academic year starts. If they cannot be repaired timely, temporary classrooms must be put up. Preparations must be made to enable students to go to school. Responsible officials are required to take systematic measures to ensure that there is no private school without permission.

In connection with data-collection, systematic measures must be taken to collect correct data. It is necessary to exert efforts to start operations in state-owned and private factories and MSMEs again as soon as possible. In repairing roads and bridges, it is important that they meet engineering standards. As the saying goes a good start will lead to better outcomes, it is vital that they are strongly constructed during the construction of them.

In connection with damaged staff housing, new ones will be built. In reconstruction, it is necessary to build housing complexes that meet standards and are strong. Constructing buildings negligently cost undesirable losses of so many lives. In carrying out construction tasks, it is necessary to meet standards without seeking self-profits. As the government has planned to take systematic measures to issue SOPs for future construction works. In conclusion, the Senior General urged responsible officials to supervise construction works to prevent great losses in the future. The meeting concluded successfully.

After the meeting, the Senior General, accompanied by officials, proceeded to the National Museum and inspected damage caused by the earthquake.

After hearing reports of officials, the Senior General pointed out the needs to move exhibits from damaged buildings systematically, to repair damaged buildings after conducting inspection in cooperation with the Myanmar Engineering Society, to properly record those who come to the damaged buildings, to take safety measures and to repair the National Library systematically. The Senior General also gave other necessary instructions.

100

# SAC Chairman PM Senior General Min Aung Hlaing receives Special Envoy of ASEAN Chairman to Myanmar Malaysian FM, Thai FM



Senior General Min Aung Hlaing receives Special Envoy of the Chairman of the ASEAN to Myanmar Malaysian Foreign Minister H.E. Dato' Seri Utama Haji Mohamad Haji Hasan and Thai Foreign Minister H.E. Mr. Maris Sangiampongsa.

**Nay Pyi TawApril 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received Special Envoy of the Chairman of the ASEAN to Myanmar Malaysian Foreign Minister H.E. Dato' Seri Utama Haji Mohamad Haji Hasan and Thai Foreign Minister H.E. Mr. Maris Sangiampongsa at the Tatmadaw Guest House in Nay Pyi Taw this morning.

Also present together with the Senior General were SAC Joint Secretary General Ye Win Oo, union ministers U Than Swe, Dr Soe Win and officials and the special envoy Malaysian foreign minister and the Thai foreign minister were accompanied by delegations from the two countries and the ambassador of Thailand to Myanmar.

They frankly discussed sending rescue teams and equipment from ASEAN countries after a powerful earthquake in Myanmar, search and rescue operations carried out by local rescuers and volunteers in cooperation with foreign rescue teams, setting up mobile hospitals that can conduct minor surgery operations, the need for food and personal item in earthquake-hit areas and the needs for machinery for the clearance of debris. 100

# Trump's immigration policies, research cuts fuel U.S. scientific exodus

**Sacramento April 5**

Restrictive immigration policies and dramatic research funding cuts under U.S. President Donald Trump's administration are pushing talented researchers toward opportunities abroad.

More than 1,200 U.S.-based scientists, three-quarters of the total respondents in a recent Nature journal survey, indicated they're considering relocating to Europe or Canada due to the current political climate, signaling a potentially massive departure of scientific talent.

Early-career researchers appeared most likely to leave, with nearly 80 percent of postgraduate scientists considering exit plans, the survey showed, noting this trend was particularly concerning as it could eliminate a generation of American scientific talent.

The exodus stems from two converging factors: tightening immigration restrictions and unprecedented cuts to research funding across federal agencies in the United States.

"The massive cuts to funding are irrational and will greatly diminish the ability of the United States to provide world-leading research, and this will impact the health and national security of our country," Daniel Cox, distinguished emeritus professor of physics at the University of California, Davis, told Xinhua recently.

On the immigration front, the Trump administration has issued multiple executive orders targeting foreign-born scientists and engineers. These measures included curtailing humanitarian parole programs, restricting border flows, limiting legal immigration avenues, and increasing deportation efforts.

The impact on the scientific community has been immediate. Xinhua

# World Insights: Rubio's NATO visit exposes mounting tensions, eroding trust in transatlantic ties

**Brussels April 5**

U.S. Secretary of State Marco Rubio attended his first NATO foreign ministers' meeting in Brussels on Thursday and Friday, where he reaffirmed Washington's position that Europe should take more responsibility for defending the alliance.

As talks unfolded on critical issues such as the Ukraine crisis, defense spending, and NATO's strategic direction, growing questions emerged about whether Europe can afford to acquiesce to U.S. goals at the expense of its own core interests and whether the terms of the transatlantic partnership should be redefined.

Calling on European allies to significantly increase their defense spending, Rubio repeated Washington's commitment to NATO at the meeting.

U.S. President Donald Trump is not against NATO but "against a NATO that does not have the capabilities it needs to fulfill the obligations that the treaty imposes upon each and every member state," Rubio argued.

Trump has called on NATO members to raise their defense spending to 5 percent of GDP -- a threshold that no member currently meets.

According to NATO estimates, 23 of the alliance's 32 members met or exceeded the current 2 percent guideline last year, while major European economies such as Italy and Spain remain below the target, spending approximately 1.5 percent and 1.3 percent of GDP, respectively. Xinhua

# Farmers reap more than 2,900 acres of sunflower in Kanbalu Township

**Kanbalu April 5**

Farmers have harvested a total of 2,935 acres of sunflower in Kanbalu Township of Sagaing Region, according to the statistics of Kanbalu Township Agriculture Department.

In Kanbalu Township, during the winter crop cultivation season, sunflower crops were cultivated on up to 2,935 acres of croplands. The sunflower fields planted in the previous season were harvested starting in January this year, and as of today, the entire acreage has been fully harvested. The yield was recorded at 21.36 baskets per acre.

"The winter crop cultivation in Kanbalu Township included sunflower crops on 2,935 acres. Currently, all of these fields have been completely harvested. To reduce reliance on imported palm oil, efforts are being made to expand the cultivation of sunflower, an oil-producing crop. Sunflower yields more oil per acre compared to other oil crops like peanuts and sesame. This is why sunflowers are primarily cultivated in winter rather than in the rainy season," said U Myo Zaw, the head of the Kanbalu Township Department of Agriculture.

To expand sunflower cultivation in Kanbalu Township, the Township Department of Agriculture has been intensifying training programs. These programs aim to enhance the skills of both agricultural staff and farmers involved in sunflower cultivation.

Furthermore, support is being provided to farmers by ensuring the supply of quality seeds, offering fertilizers at affordable prices, and promoting a farmer-to-farmer seed exchange system for distributing high-yield sunflower varieties. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses ceremony to honour and bid farewell to Thai emergency rescue team



Vice-Senior General Soe Win addresses the ceremony to honour and bid farewell to the Thai emergency rescue team.

**Nay Pyi Taw April 5**

A ceremony was held this morning at the Zabuthiri Hall of the Nay Pyi Taw Council Office to honour and bid farewell to the Thai emergency rescue team. The team had arrived in Myanmar to provide urgent assistance following the devastating earthquake and subsequent aftershocks on March 28. Having completed their rescue operations, the team is now preparing to return to Thailand. The event was attended by Chairman of the National Natural Disaster Management Committee Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, who delivered a speech expressing gratitude for the team's efforts.

Also present were committee member Union Ministers, the Chairman of the Nay Pyi Taw Council, Thailand's Minister of Foreign Affairs Mr. Maris Sangiampongsa, Thailand's Ambassador to Myanmar H.E. Mongkol Visitstump, senior military officers of the office of the Commander-in-Chief, the Commander of Nay Pyi Taw Command, deputy ministers, heads of relevant departments, members of the Thai rescue team and officials.

At the beginning of the ceremony, Vice-Senior General Soe Win and attendees observed a minute of silence in solemn remembrance of those who lost their lives, loss and damage in the powerful earthquake that struck on March 28, 2025.

Subsequently, the Vice-Senior General in delivering a speech of gratitude and tribute, stated that due to a severe earthquake measuring 7.7 on the Richter scale that struck on March 28, 2025, at 12:51:02 Myanmar Standard Time, within the Republic of the Union of Myanmar—specifically in the Nay Pyi Taw Council Territory, Mandalay Region, Sagaing Region, and Shan State—there were numerous fatalities and damages. The earthquake's epicenter was located approximately 20 kilometers northeast of Mandalay, at a depth of 10 kilometers underground. It was noted that, as of today, 80 aftershocks related to this earthquake have been recorded. The damages caused by the earthquake resulted in extensive destruction in Mandalay, Sagaing, and Nay Pyi Taw, with statistics indicating 3,455 deaths, 4,840 injuries, and 214 people missing as of the current time. The Prime Minister declared a state of emergency and, on the night of March 28, broadcast appeals for international assistance through state-owned television channels.

Within the Union Territory, the earthquake resulted in 652 deaths, 853 injuries, and 9 people missing. In terms of structural collapse, initial statistics show that 902 residential houses, 206 monasteries, 39 schools, 19 government offices, 1 bridge, 293 pagodas, and 275 other buildings were damaged or destroyed. In response to this disaster, with deep sympathy and shared sorrow, the state has designated a seven-day period of national mourning from March 31 to April 6, during which the national flag will be flown at half-mast, as announced.

Thailand, through the Office of the Commander-in-Chief of the Royal Thai Armed Forces, led by General Chalermphon Phuphotao, dispatched a search and rescue team of 55 members, along with 5 officials from the Thai Embassy—totaling 60 personnel—and 4.99 tons of relief supplies via a C-130 aircraft from Don Muang Airport in Thailand to Nay Pyi Taw International Airport, arriving within 36 hours as the sixth country to provide assistance. Additionally, on March 30, two aircraft delivered 4,372 kilograms of food and general supplies; on April 1, two aircraft delivered 224,000 kilograms of food and general supplies; and on April 3, 4,700 kilograms of food and general supplies were provided, totaling 36,462 kilograms transported across five flights. As of today, emergency search and rescue teams from 26 countries have provided assistance, with Thailand being a notable neighbouring country that offered critical support within 36 hours of the emergency, for which Myanmar has expressed special recognition and gratitude. The Thai rescue team arrived in Nay Pyi Taw at 11 a.m. on March 30 and, starting at 3 p.m. that day, worked tirelessly with advanced equipment to rescue survivors trapped under collapsed and hazardous buildings until 4 a.m. on March 31, earning heartfelt thanks for their efforts.

Furthermore, an 18-member emergency medical team led by General Phaenwut arrived at Zabuthiri Specialist Hospital, where they met with the hospital superintendent to discuss urgent medical needs for patients. They visited and encouraged injured patients, and on March 31, continued efforts to search and rescue at damaged sites, actions that have been duly recognized and honored. On the same day, at a vacant plot near buildings numbered 2386 and 2387, a mobile clinic treated 36 staff members and their dependents. On April 1, in Pyinmana Township's Yan Aung (1) Ward at a Dhamma hall, and on April 2, in Lewe Township's Ward No. 6 at another Dhamma hall, mobile clinics provided medical care to 175 residents. Beyond mobile clinic services, the team also visited Pauk Myaing Pariyatti Monastery and Jermay Mosque in Lewe Township, as well as Buddharakkhita Monastery in Ward No. 3, donating food and funds, for which special gratitude has been expressed.

We are deeply grateful for the support extended to those affected by the recent earthquake, including: the food assistance provided to the family of Daw Nyo, a resident of Ward No. 6 in Lewe Township, who passed away, the medical treatment and food assistance given to 84 people in Myauk Myike Ashe Village, Tatkon Township, the medical care offered to 156 people in Kyi Taung Village under the Zeyathiri Township Administration, and the food assistance delivered to affected residents in Kyi Taung Village, Moon Tae Khwin Village, and Sipin Thayar Village.

While such relief efforts were being made in Myanmar, a 7.4 magnitude earthquake struck Thailand at 1:25 pm on March 28, causing damage to Bangkok. The collapse of the under-construction State Audit Office building has left 11 workers dead, 9 injured and 76 missing, and rescue operations are still underway. The collapse of the building was also seen online shockingly. Although the incident is taking place in Thailand, His Majesty the King of Thailand Maha Bajiralongkom, Queen Suthida, Prime Minister of Thailand Mrs Paetongtam Shinawatra, Minister of Foreign Affairs of Thailand Mr Maris Sangiampongsa, Commander-in-Chief of the Royal Thai Armed Forces Gen. Songwit Noonpackdee, Commander-in-Chief of the Royal Thai Army Gen. Pana Klaewblaudtuk and Thai Ambassador to Myanmar H. E. Mongkol Visitstump, and especially the Thai government led by Prime Minister Mrs Paetongtam Shinawatra, who sent emergency relief team to Myanmar. I would also like to express my gratitude to the Commander-in-Chief of the Royal Thai Armed Forces and the Commander-in-Chief of the Royal Thai Army.

We kindly ask the Thai emergency relief team for their understanding and patience should they encounter any inconveniences or challenges during their time in Myanmar. On behalf of the people of Myanmar and the National Disaster Management Committee, I would like to express our heartfelt gratitude for their dedicated efforts in searching and rescuing Myanmar citizens, providing medical treatment through a mobile clinic, distributing food, donating funds, and diligently documenting their support.



Vice-Senior General Soe Win greets a Thai emergency rescue team member.

Then, Vice Chairman (1) of the National Disaster Management Committee and Union Minister for Home Affairs, Lt. Gen. Tun Tun Naung presented a commemorative plaque to a representative of the Thai rescue team. Next, Vice Chairman (2) of the National Disaster Management Committee and Union Minister for Social Welfare, Relief and Resettlement, Dr Soe Win, presented commemorative gifts to the Thai rescue team, which were received by

*See Page 15*

# Global leaders, religious heads send messages of condolences to Myanmar's PM

**Nay Pyi Taw April 5**

Presidents, Prime Ministers and Heads of Government as well as religious organizations from foreign countries continuously send messages of condolences to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing for widespread damages, loss of lives, and injuries in the powerful earthquake which struck on 28 March 2025.

Suprabal Janasewashree General Ashoke Raj Sigdel of Nepali Army, Shanghai Cooperation Organization-SCO Secretary General Mr Nurlan Yermekbayev, Prime Minister of the Kingdom of Eswatini Russell Mmiso Dlamini, Ven Tibbatuwawe Sri Siddharatha Sumangala Mahanayaka Maha Thero, The Supreme Patriarch of the Malwatta Chapter of Siamese Fraternity, Kandy, Sri Lanka, and Van Warakagoda Dhammasiddhi Sri Gnanarathana Mahanayaka Naha Thero, Supreme Patriarch of the Asgiriya Chapter of Siamese Fraternity, Kandy, Sri Lanka, sent condolence letters to Chairman of the National Administration Council Prime Minister Senior General Min Aung Hlaing, expressing their deep sympathy.

The messages expressed condolences and sympathy due to the loss of life and destruction caused by the recent earthquake. It conveys deep sorrow on their behalf, stating that they are with all those who have been affected by the earthquake, including the monastic communities and the victims across Myanmar. The message reflects empathy for the suffering of the people of Myanmar and wishes for their strength to overcome this difficult time. It prays for unity, peace, and resilience for the survivors, hoping they can rebuild their lives. The letter also asks for comfort and healing through the compassion and love of the Buddha and prays for a speedy recovery. It reminds everyone of the fundamental truth that everything is impermanent, as taught by the Buddha. Myanmar, where Theravada Buddhism has flourished, has been providing significant support for the long-term establishment of Buddhism, and the world expresses eternal gratitude and recognition for this. Due to the loss of lives and extensive damage and destruction, there is deep sorrow and sympathy. They expressed condolences to the affected families and prayed for the quick recovery and rebuilding of all those affected. They also wish strength and resilience to all relevant authorities and those involved in rescue efforts, so they may overcome and avert the consequences of the natural disaster. 100

### The Most Venerable Bhaddanta Candimābhivamsa Mahanayake Thero, Chairman of the State Sangha Mahanayaka Committee, The Republic of the Union of Myanmar And His Excellency Senior General Min Aung Hlaing Prime Minister of the Republic of the Union of Myanmar

We as the Maha Sangha of the Malwatta and Asgiriya chapters of Siamopali Maha Nikāya Kandy, Sri Lanka, are deeply saddened to learn about the devastating earthquake that destroyed Myanmar. The tragic result was the loss of many lives and the destabilization of Mandalay.

Hereby we extend our profound sadness on behalf of the entire Buddhist communities on the current difficult situation that Myanmar is facing.

As a foremost country that flourished with Theravada Buddhism Myanmar has made a huge contribution towards the perpetuation of Buddhism and its relevant values for which the entire world is eternally grateful and commended.

Buddhist monastic and religious ties between our two countries go back to the 4th century. Both countries shared close bilateral relations in establishing Buddhism in their respective lands at a time when it was both weak. Also, the immense contribution has been made by Myanmar Maha Sangha and devotees to the temple of tooth relic and the people of Sri Lanka when the country at stake is also recalled with gratitude.

As Disciples of the Buddha, we understand the fundamental truth of impermanence – that all things are transient and subject to change. This understanding encourages us to cherish each moment and find strength amidst adversity. We also acknowledge the cycles of renewal and destruction inherent in life. Cultivating strength and resilience is the best way to move forward.

Therefore, in the spirit of deep-rooted monastic kinship, we stand in solidarity with the Maha Sangha and the people of Myanmar. During this sorrowful time, we as the Malwatta and Asgiriya chapters are committed to offering our support and assistance for those who are affected.

May all deceased as a result of this catastrophe attain the supreme bliss of Nibbāna. Many people are lost loved ones and wounded find the strength and resilience to get over their sorrow and be well soon.

With deepest sympathies and unwavering support,

The Most Venerable Tibbatuwawe Sri Siddharatha Sumangala Mahanayaka Maha Thero,
The Supreme Patriarch of the Malwatta Chapter of Siamese Fraternity, Kandy, Sri Lanka

The Most Venerable Warakagoda Dhammasiddhi Sri Gnanarathana Mahanayaka Maha Thero,
The Supreme Patriarch of the Asgiriya Chapter of Siamese Fraternity, Kandy, Sri Lanka

### HE Senior General Min Aung Hlaing Chairman of the State Administration Council and Prime Minister Republic of the Union of Myanmar

**Dear Excellency,**

Allow me to express our deep condolences over the loss of life due to the earthquake in Myanmar. We convey our sincere sympathy to the families and friends of the victims and wish everyone a speedy recovery.

Please accept, Excellency, the assurances of my highest consideration.

Nurlan Yermekbayev
Secretary-General of the SCO

**Senior General Min Aung Hlaing,**

I have the honour, on behalf of His Majesty King Mswati III, Her Majesty the Queen Mother, the Government, and the People of the Kingdom of Eswatini to extend our heartfelt condolences to the Government and the People of Myanmar following a powerful earthquake that struck Myanmar on Friday killing at least 1,700 lives, with many others injured.

In this time of profound sorrow, the People of the Kingdom of Eswatini stand in solidarity with the People of Myanmar. Our thoughts and prayers are with the families who have lost loved ones, the Government, and the People of Myanmar as they navigate this immense loss. We also pray for the swift recovery of those injured in this calamity.

Russell Mmiso Dlamini
Prime Minister of the Kingdom of Eswatini
31 March 2025

### Senior General Min Aung Hlaing Chairman of the State Administration Council Commander-in-Chief of Defence Services Republic of the Union of Myanmar

**Your Excellency,**

It is with great sorrow that I write to express my deepest condolences to the people of Myanmar in the wake of the devastating earthquake that has recently struck Myanmar.

I offer my heartfelt sympathy to the families who have lost their loved ones and to all those whose lives have been disrupted by this natural disaster. The strength and resilience of the people of Myanmar during such a challenging time is truly admirable.

Please know that our prayers are with you as you navigate this difficult time. We stand in solidarity with the people of Myanmar and hope that you find the strength, comfort, and support you need in the days ahead.

In solidarity,

Suprabal Janasewashree General Ashoke Raj Sigdel
Army Headquarters
Kathmandu, Nepal
2 April 2025

*From Page 14*

a representative.


After the ceremony, Vice-Senior General Soe Win, Chairman of the National Disaster Management Committee, Vice Chairman of the State Administration Council, Deputy Prime Minister, hosted a reception for the Thai rescue team and greeted each of them warmly.

Regarding the Assessment, Search & Rescue Levels (ASR Levels):

- Level 1 involves assessing the condition and location of the disaster-affected area through a wide-area assessment.
- Level 2 uses information from the wide-area assessment to divide the area into sections for search and rescue operations, with safety measures implemented.
- Level 3 focuses on the evacuation of victims based on priority, as well as the search for and rescue of trapped individuals.
- Level 4 involves a thorough search of the entire area using advanced equipment to ensure no one remains trapped in collapsed structures.
- Level 5 is the final stage, using both manpower and machinery to clear debris and ensure the site is fully searched.

The Thai emergency rescue team has successfully completed search and rescue operations up to ASR Level 4 in the buildings under their responsibility. With a new rescue team arriving from Thailand to take over, the current team has completed their mission and is now returning home.

100



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အစည်းအဝေးတက်ရောက်လာကြသူများက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့်မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွတ်ဂါရဝပြုကြစဉ်။

☆ ကျောဖုံးမှအဆက်

အထူးအစည်းအဝေး တစ်ရပ်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်မတ် ၂၈ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိသည့် အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း ယခုကဲ့သို့ ပြင်းထန်သည့်ငလျင်ဖြစ်ပေါ်ခဲ့မှုမှာ ရစ်ချ်တာစကေး ၆ နှင့်အထက်လှုပ်ခတ်မှု ၁၈ ကြိမ်ရှိပြီး ယခုလှုပ်ခတ်မှုသည် ဒုတိယအပြင်းထန်ဆုံးဖြစ်ကြောင်း၊ ၁၉၁၂ ခုနှစ်၌ ပြင်ဦးလွင်မြို့တွင် ရစ်ချ်တာစကေး ၈ ထိ လှုပ်ခတ်ခဲ့သည့်ငလျင်သည် အပြင်းထန်ဆုံးဖြစ်ခဲ့ကြောင်း၊ မတ် ၂၈ ရက် ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့ချိန်သည် နေ့ခင်းဘက်ဖြစ်ခြင်းကြောင့် လူအများထိခိုက်မှုလျော့နည်းခဲ့ခြင်းမှာ အဆိုးထဲမှအကောင်းပင်ဖြစ်ကြောင်း၊ ညဘက်အချိန်တွင်သာ လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပါက ထိခိုက်ဒဏ်ရာရမှုများမှာ မတွေးဝံ့စရာပင်ဖြစ်ကြောင်း။

ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ယခုအချိန်ထိ သေဆုံးသူ ၃၄၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူဦးရေ ၄၈၄၀၊ ပျောက်ဆုံးနေသူ ၂၁၄ ဦး စုစုပေါင်းဦးရေ ၈၆၀၀ ကျော်ခန့် ထိခိုက်သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အသေးစိတ်စာရင်းမရရှိသေးသော်လည်း အဆောက်အအုံပေါင်း ၅၂၂ လုံး၊ စာသင်ကျောင်းပေါင်း ၁၈၂၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက် ၂၇၅၂ ကျောင်း ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ဘုရားစေတီပေါင်း ၄၈၁၇ ခု ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဆေးရုံဆေးခန်း ၁၆၇ ခုပျက်စီးခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေးသွားရထားလမ်းနှင့် ကားလမ်းများ ပျက်စီးခြင်းနှင့် အချို့ဘူတာများတွင် ပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ တံတား ၁၆၉ စင်း ပျက်စီးခြင်း၊ ဆည်မြောင်းတမံ ၁၉၈ ခုထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခြင်း၊ အမြန်လမ်းမကြီး တစ်လျှောက်အပိုင်း ၁၈၄ ခုထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ များပြားကြောင်း။

### အဆောက်အအုံများဆောက်လုပ်ရာတွင် ခိုင်ခံ့မှုရှိအောင်ဆောင်ရွက်မှသာ နောင်ကာလအချိန်များတွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်

အဆောက်အအုံများ ပျက်စီးမှုများကြောင့် သေဆုံးမှုများရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်လည်၍လေ့လာကြည့်သည့်အခါ ယခုဖြစ်ပေါ်ခဲ့သည့်သင်ခန်းစာသည် အသက်ပေါင်းများစွာပေးဆပ်ခဲ့ရသည့် ဆုံးရှုံးမှုဖြစ်ပြီး ကြီးမားသည့် သင်ခန်းစာတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ငလျင်နှင့်ပတ်သက်ပြီး အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ကိုခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေး အင်ဂျင်နီယာပိုင်းဆိုင်ရာများကို စနစ်တကျ စိစစ်တည်ဆောက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စစ်ကိုင်းပြတ်ရွေ့ကြောကြီးအပေါ်တွင် တည်ရှိကြောင်း၊ အဆိုပါပြတ်ရွေ့ကြောကြီး၏ ပွတ်တိုက်ရွေ့လျားမှုကြောင့် ပြင်းထန်သည့်ငလျင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲငလျင်ငယ်လေးများ ဆက်လက်လှုပ်ခတ်လျက်ရှိပြီး ယခုအချိန်ထိ ၇၉ ကြိမ်ရှိပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရစ်ချ်တာစကေး ၆ နှင့် ၇ ပတ်ဝန်းကျင် လှုပ်လေ့လှုပ်ထရှိပြီး အမြင့်ဆုံးမှာ ရစ်ချ်တာစကေး ၈ ထိအမြင့်ဆုံးလှုပ်ခတ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ငလျင်သက်ရောက်သည့်ဒေသတွင်ရှိသည့် ဒေသများ၌ အဆောက်အအုံများဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်ရန်လိုကြောင်း၊ အဆောက်အအုံများဆောက်လုပ်ရာတွင် ခိုင်ခံ့မှုကို အလေးမထားသည့်အတွက် မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ ပိုမိုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ မျက်မြင်စစ်ဆေးချက်များအရ အချို့အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုများမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထိုသို့ သတ်မှတ်ချက်နှင့် မညီညွတ်ဘဲ ဆောင်ရွက်ထားသည်များကို ပြန်လည်စိစစ်အရေးယူဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံဆောက်လုပ်မှုနှင့် ပတ်သက်၍ နောင်တွင်ဆောက်လုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများအနေဖြင့် မြို့နယ်နှင့် ခရိုင်များအလိုက် ဖွဲ့စည်းပေးထားသည့် ကော်မတီများနှင့် ပူးပေါင်း၍ အဆောက်အအုံဆောက်လုပ်မှုများကို စနစ်တကျကြပ်မတ်စိစစ်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်သွားမည်ဆိုပါက နောင်တွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

### ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အပိုင်း ငါးပိုင်းဖြင့် ဆောင်ရွက် အပျက်အစီးများရှင်းလင်းဖယ်ရှား

ယခုအခါ ပြင်းထန်ငလျင်လှုပ်ခတ်ပြီး ကိုးရက်မြောက်နေ့သို့ရောက်ရှိလာပြီဖြစ်ပြီး အပျက်အစီးများကို ရှင်းလင်းနေပြီဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အပျက်အစီးများအား အမြန်ဆုံး ရှင်းလင်းဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ယာယီနေထိုင်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ၊ ယာယီဆေးရုံများ လုံလောက်စွာရရှိစေရေးအတွက် မိမိအနေဖြင့် ပြည်ပနိုင်ငံများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

### လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ

ယခုအခါ လမ်းပန်းဆက်သွယ်ရေးများ အမြန်ဆုံးပြန်ပွင့်နိုင်ရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် မော်တော်ကားလမ်းများ၊ ရထားလမ်းများနှင့်တံတားများကို ပြန်လည်ပြင်ဆင်လျက်ရှိကြောင်း၊ အလားတူ ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည့် စစ်ကိုင်းတံတားကို ပြန်လည်ပြင်ဆင်၍ ရထားပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံတစ်ခုမှလည်း ကူညီဆောင်ရွက်ပေးမည်ဟု ကနဦးသိရှိထားကြောင်း၊ အဆိုပါစစ်ကိုင်းတံတားသည် အထက်မြန်မာပြည်သို့ သွားရောက်သည့်ရထားလမ်းပိုင်းတွင် အဓိကကျကြောင်း၊ ထို့ကြောင့် ရထားသွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံတံတားသည်လည်း မူလီများပြုတ်ထွက်ပြီး အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တံတားများမှ သွားလာနိုင်ရေး အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ငလျင်ဒဏ်သင့်ပြည်သူများ၏ ယာယီနေထိုင်မှုအဆင်ပြေစေရေးနှင့် မိုးမကျမီယာယီအဆောက်အအုံများ၌ ကောင်းမွန်စွာနေထိုင်နိုင်ရေး

ငလျင်ဒဏ်ကြောင့်လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် လူအများစုမှာ အဆောက်အအုံများ၏ ပြင်ပတွင် နေထိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယာယီနေထိုင်မှုများအဆင်ပြေစေရေး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ယာယီတဲများအားလုံးကိုထုတ်ယူသုံးစွဲရန် မိမိအနေဖြင့် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝမ်းရောဂါများမဖြစ်ပွားစေရေးအတွက် သန့်ရှင်းရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ယာယီယင်လုံအိမ်သာများ တည်ဆောက်ပေးသွားရန် လိုသကဲ့သို့ ဝမ်းရောဂါကာကွယ်ဆေးနှင့် ကုသဆေးများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားရန်လိုကြောင်း၊ သန့်ရှင်းသည့် သောက်သုံးရေများရရှိစေရေးအတွက် မိမိတို့အနေဖြင့် ရေသန့်များဖြန့်ဝေပေးသကဲ့သို့ နိုင်ငံတကာမှ ရေသန့်စက်များရရှိစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသန့်များလုံလောက်စွာမရရှိနိုင်သေးသည့်အချိန်တွင် ရေကိုကျိုချက်သောက်သုံးနိုင်ရေးဆောင်ရွက်ပေးသွားရန်လည်းလိုကြောင်း၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများ နေထိုင်မှုအဆင်ပြေစေရေး နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ တာဝန်ရှိသူများကလည်း အလေးထားပြီး ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယာယီနေထိုင်သည့်အချိန်တွင်လည်း မိသားစုအလိုက် လုံခြုံမှုရှိစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ဘက်ပေါင်းစုံမှစဉ်းစား၍ လိုအပ်သည်များအားလုံးကို စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။

### စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံ့မှုများအား ကုသပေးနိုင်ရေး

ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် စိတ်ထိခိုက်ဒဏ်ရာရရှိခဲ့မှုများကိုလည်း လျှော့ချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိဘများ၊ သားသမီးများနှင့် ဆွေမျိုးသားချင်းများဆုံးရှုံးခဲ့ရပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်ခံ့မှုများကိုလည်း ဖျောင်းဖျအားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်းထန်သည့် ထိခိုက်ဒဏ်ရာရရှိပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ကြသူများကိုလည်း ကုသမှုများဆောင်ရွက်ပေးရာတွင် ပြန်လည်ထူထောင်ရေးအတွက် ခြေတုလက်တုများ တပ်ဆင်ပေးနိုင်သည်ထိ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာများလုံးဝပျောက်ကင်းသည်ထိ ကုသမှုများဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြင်းထန်ငလျင်ဖြစ်ပွားပြီးချိန်၌ နေပြည်တော်ပြည်သူ့ဆေးရုံကြီး၌ ထိခိုက်ဒဏ်ရာများရရှိပြီး လာရောက်ကုသမှုလူနာများ များပြားခဲ့သည်ကိုတွေ့ရှိရခြင်းကြောင့် နေပြည်တော်တပ်မတော်ဆေးရုံကြီးသို့ တက်ရောက်ကုသနိုင်ရေးဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ပျဉ်းမနားမြို့ရှိ

**ငလျင်ဒဏ်ကြောင့် ထိခိုက်သေဆုံးခဲ့မှုများအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍လည်း အဆောက်အအုံပျက်စီးမှုများအပေါ်မူတည်ပြီး နိုင်ငံတော်က ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

**နိုင်ငံတကာမှပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို လိုအပ်နေသူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားရန် လိုအပ်မည်ဖြစ်၊ ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအားလုံး၊ ရသင့်ရထိုက်သူများအားလုံး ရရှိစေရေး စနစ်တကျစာရင်းပြုစုဆောင်ရွက်သွားရန်လို . . .**

ပေါင်းလောင်းအားကစားကွင်းနှင့် ရွှေကြာပင်ရပ်ကွက်ရှိ နေပြည်တော်အားကစားကွင်းတို့၌ ယာယီဆေးရုံများဖွင့်လှစ်ဆောင်ရွက်ပေးထားကြောင်း၊ ပြည်ပနိုင်ငံများမှ ဆေးကုသရေးအဖွဲ့များအနေဖြင့်လည်း လာရောက်ကုသပေးလျက်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့်လူနာများကို အမြန်ဆုံးကုသဆောင်ရွက်ပေးရန်လိုပြီး သက်သာပျောက်ကင်းသည်ထိ ကုသပေးရန်လိုကြောင်း။

## ပြန်လည်ထူထောင်ရေး

ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိုးရာသီကာလသို့ မရောက်မီ ပြင်ဆင်ဆောက်လုပ်၍ရသည့် အဆောက်အအုံများကို အမြန်ပြန်လည်တည်ဆောက်သွားရန်လိုပြီး နိုင်ငံတော်ကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်ဘင်းမ်စတက်အစည်းအဝေးသို့ တက်ရောက်နေချိန်တွင်လည်း ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများရရှိစေရေး အကူအညီများပေးအပ်ရန် ပြောကြားခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြေစာရင်းပိုင်ဆိုင်မှုဆိုင်ရာစာရင်းရှုပ်ထွေးမှုမရှိသည့် နေရာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက အဆောက်အအုံများ ပြန်လည်တည်ဆောက်သွားရန်လိုကြောင်း၊ မိုးရာသီမကျမီအချိန်အတွင်း ပြန်လည်ပြင်ဆင်ဆောက်လုပ်၍ရနိုင်သည့်အဆောက်အအုံများကို အမြန်ဆုံးပြန်လည်ဆောက်လုပ်သွားရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမြန်ဆုံးပြန်လည်ဆောင်ရွက်သွားကြရန်လိုကြောင်း။

အထပ်မြင့်နှင့် အခိုင်အမာအဆောက်အအုံများဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်ချ်တာစကေး ၈ နှင့် အထက်ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် ဆောက်လုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ယခင်ကတည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် ကွဲအက်မှုများဖြစ်ပေါ်ပြီး စိတ်ချရမှုမရှိနိုင်ပါကလည်း အဆိုပါအဆောက်အအုံအား ဖျက်သိမ်းသွားရန်လိုကြောင်း၊ ယခုအချိန်တွင် ကြိုတင်ပြင်ဆင်၍ဆောင်ရွက်ခဲ့မှုများသည် နောင်အနာဂတ်ကာလတွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆောက်အအုံများ ခိုင်ခံ့စွာတည်ဆောက်ရေးအတွက် အားလုံးကအလေးထားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့်အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အသေးစိတ်စစ်ဆေးပြီးပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများကို စနစ်တကျဖြင့် ပြုပြင်ခြင်းမပြုလုပ်ပါက နောင်တွင်ပြိုကျပျက်စီးသည်ထိအန္တရာယ်ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် ထိခိုက်ခဲ့သည့်အဆောက်အအုံများကိုလည်း ခိုင်ခံ့သည့်အဆောက်အအုံများဖြစ်အောင်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

## စားရေးအခက်အခဲမဖြစ်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရပ်တန့်မှုမရှိအောင် ဆောင်ရွက်ရန်လို

ငလျင်ဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကို ငလျင်ဒဏ် ထိခိုက်မှုမရှိခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စားရေးကိုများစွာအထောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးပြောကြားစဉ်။

အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏စားရေးအတွက် ပူပန်မှုမရှိအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ထောက်ပံ့ပေးသွားမည်

**ငလျင်ဒဏ်ကြောင့် ထိခိုက်သေဆုံးခဲ့မှုများအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံများထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍လည်း အဆောက်အအုံပျက်စီးမှုများအပေါ်မူတည်ပြီး နိုင်ငံတော်က ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း မတော်လောဘများဖြင့် ဈေးနှုန်းများအဆမတန်မြှင့်တင်၍ရောင်းချခြင်းများမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

မကြာမီတွင် ရောက်ရှိတော့မည့် သင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ အများသူငှာပူဆွေး သောကရောက်နေသည့် အချိန်ဖြစ်သဖြင့် ယခင်နှစ်များကဲ့သို့ စည်စည်ကားကားနှင့် ပျော်ပျော်ပါးပါးလုပ်ဆောင်ရန် မသင့်လျော်သည့်အတွက် သင်္ကြန်ကာလကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အေးအေးချမ်းချမ်း ဖြင့်သာ ဖြတ်သန်းသွားကြရန် အားလုံးကို အလေးထားမှာကြားလိုကြောင်း၊ ရိုးရာအစဉ်အလာနှင့်အညီ ရေပက်ကစားခြင်းများကိုသာ ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုအချိန်တွင်အရေးကြီးသည်မှာ လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ပြီးစီးစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအနေဖြင့်လည်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မိမိတို့၏ဝန်ကြီးဌာနလက်အောက်ရုံးဌာနများသို့သွားရောက်၍ ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

## သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဖြစ်ပေါ်ခဲ့သည့်ငလျင်သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြရာတွင် အင်အားပြင်းငလျင်ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် နောက်ဆက်တွဲငလျင်ငယ်များနှင့် ငလျင်ကြီးများ ဖြစ်ပေါ်လာနိုင်မှု၊ ထိခိုက်ပျက်စီးခဲ့ရသည့် ကားလမ်း၊ရထားလမ်း၊ လေယာဉ်ပြေးလမ်း စသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်ကယ်ဆယ်ရေးအဖွဲ့များတင်ဆောင်လာသည့် လေယာဉ်များဆိုက်ရောက်မှု၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများအတွက် ယာယီရုံးအဆောက်အအုံနှင့်နေထိုင်ရန်နေရာများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ငလျင်ဒဏ်သင့်ပြည်သူများအနေဖြင့် မိုးမကျမီကာလအတွင်း ယာယီနေထိုင်နိုင်ရန်အတွက် Modular House များ စီစဉ်ဆောင်ရွက်ပေးနိုင်မှုနှင့် နိုင်ငံတကာနှင့် Rapid Assessment များ ဆောင်ရွက်သွားသင့်သည့်အခြေအနေများ၊ ပြန်လည်ပြုပြင်ရမည့် အဆောက်အအုံများ၊ လမ်းတံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ဖွဲ့စည်းထားသည့်ကော်မတီ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တည်ဆောက်သွားရန်လိုအပ်မှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်အဆောက်အအုံများအနက် အာမခံလုပ်ငန်းများဆောင်ရွက်ထားသည့် အဆောက်အအုံများအား အာမခံလျော်ကြေးငွေများရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ လေ့လာသုံးသပ်ချက်အစီရင်ခံစာတစ်ရပ်ပြုစုနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် နိုင်ငံတကာနှင့် အဖွဲ့အစည်းအချို့တို့မှ အကူအညီများပေးအပ်နိုင်ရေးဆက်သွယ်ဆောင် ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုပုံရိပ်များနှင့် လိုအပ်သည့်အသိပညာပေးမှုများကို နိုင်ငံပိုင်မီဒီယာလုပ်ငန်းများမှ ထုတ်လွှင့်ပြန်ကြားပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်ဖြစ်ပွားမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ပြန်လည်ဆယ်တင်မှုများဆောင်ရွက်နိုင်ရေး၊ မလိုလားအပ်သည့် ထိခိုက်ဆုံးရှုံးမှုများ ဆက်လက်မဖြစ်ပေါ်လာစေရေး လိုအပ်သည့် အသိပညာပေးမှုများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေအခက်အခဲများဖြစ်ပေါ်နေသည့်နေရာများ၌ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ်များထိခိုက်ပျက်စီးခဲ့ရမှုပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားများကို ပုံမှန်အတိုင်းပြန်လည်ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများ၌အရေးပေါ်ကျန်းမာရေးကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ပျက်စီးခဲ့ရသည့် ဆေးရုံများနှင့်ခွဲစိတ်ခန်းများကို အမြန်ဆုံးပြန်လည်ပြုပြင်သွားရန်လိုအပ်မှု၊ ငလျင်သဘာဝဘေးအလွန်၌ ကူးစက်ကပ်ရောဂါများဖြစ်ပေါ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာဒေသများအလိုက် သန့်ရှင်းရေးလုပ်ငန်းများနှင့် သန့်ရှင်းသည့်သောက်ရေရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များ၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံငလျင်ကော်မတီမှပညာရှင်များ၊ အထူးလုပ်ငန်းကော်မတီမှ ပညာရှင်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ငလျင်ဘေးဒဏ်ကြောင့်ပျက်စီးသွားသည့်အဆောက်အအုံများကို ခေတ်မီစမ်းသပ်ကိရိယာများဖြင့်စစ်ဆေး၍ သာမန်ပြင်ဆင်နိုင်သည့် အဆောက်အအုံ၊အကြီးစားပြင်ဆင်ရမည့် အဆောက်အအုံနှင့်ပြုပြင်၍မရဘဲဖယ်ရှားရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံများအဖြစ် ခွဲခြားသတ်မှတ်နိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများကို မှတ်တမ်းတင်ခြင်း၊ ညှိနှိုင်းသုံးသပ်ခြင်းနှင့် နောင်တွင်ဆောင်ရွက်ရမည့် နည်းလမ်းများဖော်ထုတ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာမှ ပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျစစ်ဆေးမှတ်တမ်းတင်၍ သက်ဆိုင်ရာဒေသအလိုက် အမြန်ဆုံးဖြန့်ဝေပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအတွက် လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် နေရေး၊ စားရေးအဆင်ပြေစေရေး ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံအမျိုးသားအဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ငလျင်ဒဏ်ဖြစ်ပေါ်ခဲ့သည့်နေ့မှစ၍စတင်ဖွင့်လှစ်ခဲ့ပြီး လိုအပ်သည့်လုပ်ငန်းရပ်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြ၍ ညွှန်ကြားချက်များအရ ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာတွင်

**စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှအဆက်

နိုင်ငံပေါင်း ၂၆ နိုင်ငံမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များကလည်း မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် အတူတကွပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မည်သည့်အဖွဲ့အစည်းမဆို သီးခြားလွတ်လပ်စွာရပ်တည်၍ ဆောင်ရွက်ခွင့်မရှိဘဲ ကြိုတင်ခွင့်ပြုချက်တောင်းခံထားသည့် အဖွဲ့အစည်းများဖြစ်ရန်လိုပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှသာ ခွင့်ပြုပေးသွားမည်ဖြစ်သည်ကို မူဝါဒတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာနယ်မြေများသို့ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ NGO အဖွဲ့အစည်းများကို မိမိတို့ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှသာ ခွင့်ပြုပေးသွားရန်လိုကြောင်း၊ ငလျင်ဒဏ်နှင့် ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မူဝါဒချမှတ်ထားသည့် ပျက်စီးသွားခဲ့သည့်အပျက်အစီးများကို မြန်မြန်ဆန်ဆန်သိမ်းဆည်းသွားရန်၊ ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်သည့် အဆောက်အအုံများကို ပြင်ဆင်သွားရန်နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် ဟူသည့် လုပ်ငန်းစဉ်များအတိုင်း ငလျင်ဘေးဒဏ်ကို ဆက်လက်ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအားလုံးကို မိုးမကျမီ ယာယီအမိုးအကာအောက်သို့ရောက်ရှိစေရေးဆောင်ရွက်ပေးသွားရန်လိုသဖြင့် ဦးစားပေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အလားတူ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် စာသင်ကျောင်းများအစားယာယီကျောင်းအဆောက်အအုံများဖြင့် ဆောင်ရွက်ပေးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်းရာတွင် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များထံသို့ သတင်းပေးပို့မှုမရှိဘဲ မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ခြင်းများသည် မလိုလားအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်၍ ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရေး၊ ပြည်သူလူထုမှ အစိုးရအပေါ် အယုံအကြည်ကင်းမဲ့စေရေးရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဝေနေမှုများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ သတင်းပေးပို့သွားကြရန်လိုပြီး မိမိတို့အနေဖြင့် လိုအပ်သည့်ဖြေရှင်းမှုများကို အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

## ဖြည့်စွက်ဆွေးနွေးမှာကြား

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်သွယ်ရေးလမ်းကြောင်းများအားလုံး အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပအကူအညီများနှင့် ပတ်သက်၍ ဘေးဒဏ်သင့်ဒေသများတွင် အမှန်တကယ်အကူအညီများ ပေးအပ်လိုသည့်အဖွဲ့အစည်းများရှိသကဲ့သို့ ငလျင်ဘေးဒဏ်ကို အကြောင်းပြု၍ အပြုသဘောမဆောင်သည့်ဝင်ရောက်လာမှုများလည်း ရှိနိုင်သဖြင့် စနစ်တကျစိစစ်၍ လက်ခံသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ **နိုင်ငံတကာမှ ပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို လိုအပ်နေသူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအားလုံး၊ ရသင့်ရထိုက်သူများအားလုံးရရှိစေရေး စနစ်တကျစာရင်းပြုစုဆောင်ရွက်သွားရန်လို**ကြောင်း၊ စာရင်းများမထပ်စေရေးနှင့် ကျန်နေခဲ့ရသူများမရှိစေရေးမျှမျှတတဖြစ်စေရေး တာဝန်ရှိသူများအားလုံးက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ငလျင်သဘာဝဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများတွင် ခြေလက်အင်္ဂါဆုံးရှုံးခဲ့ရသူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိရန် လိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် သပ်သပ်ရပ်ရပ်ဖြင့် ခိုင်ခိုင်ခံ့ခံ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကျောင်းကန်များကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ဘုန်းတော်ကြီးကျောင်းများနှင့် ဇလီများကိုလည်း ယခင်ခွင့်ပြုထားသည့်အတိုင်း တည်ဆောက်ခွင့်ပြုရန်လိုကြောင်း၊ အလားတူ ခရစ်ယာန်ကျောင်းများ ပျက်စီးမှုများရှိပါကလည်း ဘာသာရေးနှင့်ပတ်သက်သည့် အဆောက်အအုံများကို စနစ်တကျဖြင့် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ စာသင်ကျောင်းများနှင့်ပတ်သက်၍ မူလတန်းကျောင်းများကို ကျောင်းဖွင့်ရာသီအမီ အမြန်ဆုံး ပြန်လည်ပြင်ဆင်၍ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြင်ဆင်ရန်မမီပါက ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးရန် လိုကြောင်း၊ အဓိကအားဖြင့် ကျောင်းသား၊ ကျောင်းသူများကျောင်းတက်ရောက်နိုင်ရေးကြိုတင်ပြင်ဆင်ထားရှိသွားရန်လိုကြောင်း၊ ခွင့်ပြုချက်မရရှိဘဲ ပုဂ္ဂလိကကျောင်းများဖွင့်လှစ်မှုမရှိစေရေးအတွက်လည်း တာဝန်ရှိသူများက စနစ်တကျစိစစ်ဆောင်ရွက်နေရန်လိုကြောင်း။

အချက်အလက်များ ကောက်ယူခြင်းနှင့်ပတ်သက်၍ မှန်ကန်မှုရှိစေရေးစနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကပိုင်စက်ရုံများ အမြန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် MSME လုပ်ငန်းများ အမြန်ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ လမ်းတံတားများ ပြန်လည်ပြင်ဆင်မှုများဆောင်ရွက်ရာတွင်လည်း အင်ဂျင်နီယာပညာရပ်နှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင်ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ "အစကောင်းမှအနှောင်းသေချာ" ဆိုသည့်အတိုင်း စတင်ဆောက်လုပ်စဉ်ကတည်းက ကောင်းမွန်ခိုင်ခံ့အောင်ဆောင်ရွက်သွားရန်လိုကြောင်း။

ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာများနှင့်ပတ်သက်၍ အသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြန်လည်တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ ခိုင်ခံ့အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင် ပေါ့ပေါ့တန်တန်ဆောင်ရွက်ခဲ့မှုများကြောင့် မလိုလားအပ်သည့် လူ့အသက်ဆုံးရှုံးမှုများစွာ ပေးဆပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကိုယ့်အကျိုးအမြတ် တစ်ခုတည်းကို အဓိကမကြည့်ဘဲ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နောင်တည်ဆောက်မည့်လုပ်ငန်းများတွင် SOP များ ရေးဆွဲထုတ်ပြန်၍ စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နောင်တစ်ချိန်၌ ကြီးမားသောဆုံးရှုံးမှုများမဖြစ်စေရေးတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ အမျိုးသားပြတိုက်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပျက်စီးမှုများဖြစ်ပေါ်နေသည့်နေရာများမှ ပစ္စည်းများကို စနစ်တကျရွှေ့ပြောင်းသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များနှင့် စနစ်တကျစစ်ဆေးပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်နေချိန်အတွင်း ပြတိုက်အတွင်းသို့ ဝင်ရောက်မှုများကို စနစ်တကျမှတ်တမ်းတင်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမျိုးသားစာကြည့်တိုက်ရှိပျက်စီးမှုများကိုလည်း တာဝန်ရှိသူများအနေဖြင့်စစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် အမျိုးသားပြတိုက်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် အမျိုးသားပြတိုက်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် ဧပြီ ၅

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့်ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နီပေါတပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Ashok Raj Sigdel ကလည်းကောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် H.E. Mr. Nurlan Yermekbayev ကလည်းကောင်း၊ အစ်ဆွာတီးနီနိုင်ငံ ဝန်ကြီးချုပ် H.E. Russell Mmiso Dlamini ကလည်းကောင်း၊သီရိလင်္ကာနိုင်ငံ စိယံနိကာယမာလ်ဝတ္တာဂိုဏ်း(Malwatta Chapter)၏ မဟာနာယကဆရာတော် Ven. Tibbatuwawe Sri Siddharatha Sumangala Mahanayaka Maha Thero နှင့် စိယံနိကာယအစိဂိရိဂိုဏ်း(Asgiriya Chapter)၏ မဟာနာယကဆရာတော် Van. Warakagoda Dham-masiddhi Sri Gnanarathana Mahanayaka Naha Thero တို့က လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါသဝဏ်လွှာများတွင် မကြာသေးခင်ကဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပွားခဲ့သည့်အတွက် မိမိတို့အနေဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိသံဃာတော်အဖွဲ့အစည်းများနှင့် ငလျင်ဒဏ်ခံစားရသူများအားလုံးနှင့်အတူရှိနေပါကြောင်း၊ မြန်မာပြည်သူများ၏ ပူဆွေးသောက ကို စာနာနားလည်ပါကြောင်း၊ မြန်မာပြည်သူများ ခံနိုင်ရည်ရှိစွာဖြင့် ခက်ခဲသောကာလမှ အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း၊ ကျန်ရစ်သူများအနေဖြင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုတို့ဖြင့် မိမိတို့ဘဝများကို ပြန်လည်တည်ဆောက်နိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ ဘုရား၏ အဆုံးအမများနှင့် ကရုဏာတရား၊မေတ္တာတရားများဖြင့် စိတ်သက်သာမှုရရှိကာ အမြန်ဆုံးပြန်လည်ကုစားနိုင်ကြပါစေကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သားများအနေဖြင့် အရာခပ်သိမ်းမမြဲခြင်းဟူသည့်အမှန်တရားကို နားလည်ထားပါကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအခွန့်ရှည်တည်မြဲရေးအတွက် ကြီးမားစွာပံ့ပိုးကူညီလျက်ရှိသည်ကို ကမ္ဘာတစ်ဝန်းက ထာဝရကျေးဇူးတင်ဂုဏ်ပြုလျက်ရှိပါကြောင်း၊ အသက်ဆုံးရှုံးမှုများနှင့် များစွာသောပျက်စီးဆုံးရှုံးမှုများကို သိရှိရသည့်အတွက် အလွန်ပင်ကြေကွဲဝမ်းနည်းရပါကြောင်း၊ ထိခိုက်ခံစားရသည့် မိသားစုဝင်များကို စာနာထောက်ထားကြောင်း၊ ထိခိုက်နစ်နာသူများအားလုံး လျင်မြန်စွာပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများအားလုံး သဘာဝဘေးအန္တရာယ်၏ အကျိုးဆက်များကို ရင်ဆိုင်ကျော်လွှားဖယ်ရှားနိုင်သည့် ခွန်အားနှင့်သတ္တိရှိကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းတို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

တပ်မတော်ဌာနချုပ်
ခတ္တမန္ဒူမြို့ နီပေါနိုင်ငံ

၀၁၀၅/အေ/ပီ/၁၀၂/၀၈၁/၈၂ ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်

မကြာသေးမီက မြန်မာနိုင်ငံ၌ ပျက်စီးဆုံးရှုံးမှုများပြားသည့်ငလျင်လှုပ်ခတ်မှုဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ မြန်မာပြည်သူများထံသို့ မိမိအနေဖြင့် အလွန်အမင်း ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ၎င်းတို့၏ ချစ်ခင်ရသူများ ဆုံးရှုံးခဲ့သည့် ကျန်ရစ်သူမိသားစုဝင်များနှင့် ဒုက္ခရောက်သူများအားလုံးကို မိမိက စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။ ယခုကဲ့သို့ စိန်ခေါ်မှုရှိသည့်အချိန်တွင် မြန်မာပြည်သူများ၏ ခွန်အားနှင့် ခံနိုင်ရည်ရှိမှုတို့သည် အမှန်တကယ်လေးစားအားကျဖွယ်ဖြစ်ပါသည်။

အဆွေတော်တို့အနေဖြင့် ခက်ခဲသည့်အချိန်ကို ဖြတ်ကျော်ရာတွင် မိမိတို့အနေဖြင့် ဆုမွန်ကောင်းပို့သလျက်ရှိပါသည်။ မြန်မာပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာရပ်တည်လျက်ရှိပြီး အနာဂတ်တွင် အဆွေတော်တို့လိုအပ်သည့် ခွန်အားနှစ်သိမ့်အားပေးမှုနှင့်ပံ့ပိုးကူညီမှုများကို ရရှိမည်ဟု မိမိတို့မျှော်လင့်ပါသည်။

(လက်မှတ်)
ဗိုလ်ချုပ်ကြီး အာရှော့ ရတ် စစ်ဒယ်

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်ခင်ဗျား-

မြန်မာနိုင်ငံတွင် မကြာသေးမီက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် ပြည်သူများ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။ မိမိတို့အနေဖြင့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာထောက်ထားကြောင်း ဖော်ပြလျက် ပြည်သူများအားလုံး အမြန်ဆုံးပြန်လည်ကောင်းမွန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်အလေးထားလျက်ရှိပါကြောင်းလည်း ဖော်ပြအပ်ပါသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အတွင်းရေးမှူးချုပ်
Mr. Nurlan Yermekbayev

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

မိမိအနေဖြင့် အစ်ဆွာတီးနီဘုရင့်နိုင်ငံ ဘုရင်မင်းမြတ် ဆွာတီနှင့် မယ်တော်၊ အစ်ဆွာတီးနီနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံတွင် သောကြာနေ့က ဖြစ်ပွားခဲ့သော အင်အားပြင်းငလျင်လှုပ်ရှားခံရသည့်အတွက် လူပေါင်း ၁၇၀၀ ကျော်သေဆုံးမှုများနှင့်အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်မိရပါသည်။

ဝမ်းနည်းပူဆွေးသောကာလတွင် အစ်ဆွာတီးနီနိုင်ငံပြည်သူများသည် မြန်မာပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာရပ်တည်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ မိမိချစ်ခင်ရသူများ ဆုံးရှုံးခဲ့ရသော မိသားစုများအနေဖြင့် ဤကြီးမားသော ဆုံးရှုံးမှုကြီးကို ဖြတ်သန်းနေချိန်တွင် မိမိကိုယ်စား စာနာထောက်ထားမှုကို ဖော်ပြအပ်ပြီး ဒဏ်ရာရရှိသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရပ်ဆဲလ် မီဆို ဒလာမီနီ
အစ်ဆွာတီးနီဘုရင့်နိုင်ငံ ဝန်ကြီးချုပ်

---

သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ရှိ စိယံမဟာနိကာယ မာလ်ဝတ္တာဂိုဏ်းနှင့် အစိဂိရိဂိုဏ်းသံဃာတော်များသည် မြန်မာနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရမှုများကို ကြားသိရသည့်အတွက် လွန်စွာဝမ်းနည်းမိပါသည်။ ဤကြေကွဲဖွယ်ဖြစ်ရပ်ကြောင့် အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရပြီး မန္တလေးမြို့ မတည်မငြိမ်ဖြစ်ခဲ့ရသည်ကို ကြားသိရပါသည်။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများအပေါ် ဗုဒ္ဓဘာသာဝင်အသိုက်အဝန်းတစ်ရပ်လုံးကိုယ်စား ဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။

ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသည့် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအခွန့်ရှည်တည်မြဲရေးအတွက် ကြီးမားစွာပံ့ပိုးကူညီလျက်ရှိသည်ကို ကမ္ဘာတစ်ဝန်းက ထာဝရကျေးဇူးတင်ဂုဏ်ပြုလျက်ရှိပါသည်။

လွန်ခဲ့သောလေးရာစုကတည်းက နှစ်နိုင်ငံအကြား ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် ဘာသာရေးဆိုင်ရာဆက်ဆံရေးစတင်ခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံအသီးသီးတွင် ဗုဒ္ဓဘာသာထွန်းကားမှုအားနည်းနေချိန်တွင်လည်း နှစ်နိုင်ငံလုံး၏နယ်မြေအသီးသီးတွင် ဗုဒ္ဓဘာသာပြန့်ပွားရေးကြိုးပမ်းရာတွင် နီးကပ်သောဆက်ဆံရေးရှိခဲ့ပါသည်။ သီရိလင်္ကာ ဗုဒ္ဓစွယ်တော်တိုက်နှင့် ပြည်သူများအတွက် လှူဒါန်းခဲ့ကြသော မြန်မာမဟာသံဃာများနှင့် အလှူရှင်များအား ကျေးဇူးတင်ရှိပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သားများအနေဖြင့် အရာခပ်သိမ်းမမြဲခြင်းဟူသည့် အမှန်တရားကို နားလည်ထားပါသည်။ ယင်းအမှန်တရားသည် အခိုက်အတန့်တိုင်းကို တန်ဖိုးထားရန်နှင့် ဒုက္ခများကြားတွင် အင်အားရှိရန် အားပေးကူညီလျက်ရှိပါသည်။ အသစ်တစ်ဖန်ဖြစ်တည်ခြင်းနှင့် ပျက်စီးခြင်းသံသရာကို မိမိတို့အသိအမှတ်ပြုပါသည်။ ခွန်အားနှင့်ခံနိုင်ရည်ရှိမှုကို ပြုစုပျိုးထောင်ခြင်းသည် ရှေ့ဆက်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

စာမျက်နှာ ၂၀ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ ပြင်းထန်ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ချိန်တွင် ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့ပေးခဲ့သည့်အခြေအနေများ၊ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ အသေးစားခွဲစိတ်မှုများ ဆောင်ရွက်နိုင်သည့် ရွှေ့လျားဆေးရုံများ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ ငလျင်ဒဏ်သင့်ဒေသများ၌ အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ လိုအပ်လျက်ရှိမှုနှင့် အပျက်အစီးများဖယ်ရှားရေးအတွက် စက်ကိရိယာပစ္စည်းများ လိုအပ်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

စာမျက်နှာ ၁၉ မှအဆက်

ထို့ကြောင့် ကာလရှည်ကြာလျက်ရှိသော ကျောင်းတိုက်များအကြား ဆက်နွယ်မှုအရ မြန်မာပြည်သူများနှင့်အတူ မိမိတို့ရပ်တည်လျက်ရှိပါသည်။ ဤဝမ်းနည်းဖွယ်အချိန်ကာလတွင် မိမိတို့သည် ထိခိုက်ခံစားရသူများအတွက် ပံ့ပိုးကူညီသွားရန် သန္နိဋ္ဌာန်ချထားပါသည်။

ဤဖြစ်ရပ်ဆိုးကြောင့် ကွယ်လွန်သူအပေါင်း နိဗ္ဗာန်ချမ်းသာကို ရကြပါစေကြောင်းနှင့် ချစ်ခင်ရသူများကို ဆုံးရှုံးခဲ့ရသူများနှင့် ဒဏ်ရာရသူများသည် ယခုခံစားရသည့်ဝေဒနာကို ကြံ့ကြံ့ခံကျော်လွှားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလေးနက်ဆုံးစာနာထောက်ထားမှုနှင့်အတူ အစဉ်အားပေးလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မဟာနာယကဆရာတော် သီဝကတုဝဗ္ဗီ သီရိသိဒ္ဓတ္ထ သုမရာဂလ
စိယံနိကာယ မာလ်ဝတ္တဂိုဏ်းချုပ်ဆရာတော်
ကန္ဒီမြို့ သီရိလင်္ကာနိုင်ငံ

မဟာနာယကဆရာတော် ဝရကာဂေါဒ ဓမ္မသိဒ္ဓိ သီရိညာဏရတန
စိယံနိကာယ အစိဂိရိဂိုဏ်းချုပ်ဆရာတော်
ကန္ဒီမြို့ သီရိလင်္ကာနိုင်ငံ


## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၈ ရက် (သောကြာနေ့) ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(စနေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့်အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**မိမိတို့နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံသားများအား ရှာဖွေကယ်ဆယ်ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်း၊ စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့အတွက် မြန်မာနိုင်ငံသားများကိုယ်စားနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား အထူးပင်ကျေးဇူးတင်ရှိ . . .**

နေပြည်တော် ဧပြီ ၅

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်ငလျင်နှင့် နောက်ဆက်တွဲငလျင်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသို့ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ပြီးမြောက်သဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံ အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ အတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဒေသတို့တွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာ စကေးအဆင့်ရှိ အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ လှုပ်ခတ်ခဲ့သည့်နေရာအနေဖြင့် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာတွင် ဗဟိုပြုပြီး မြေအောက် ၁၀ ကီလိုမီတာ အနက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းငလျင်နှင့် ဆက်စပ်၍ နောက်ဆက်တွဲငလျင် လှုပ်ခတ်မှုများအနေဖြင့် ယနေ့ထိ ၇၉ ကြိမ်လှုပ်ခတ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအနေဖြင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် နေပြည်တော်တို့တွင် ပျက်စီးမှုများ များပြားခဲ့ပြီး လက်ရှိအချိန်အထိ စာရင်းများအရ ၃၄၅၅ ဦး သေဆုံးကြောင်းနှင့် ဦးရေ ၄၈၄၀ ဒဏ်ရာရရှိပြီး ၂၁၄ ဦး ပျောက်ဆုံးနေကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အရေးပေါ်အခြေအနေသတ်မှတ်၍ နိုင်ငံတကာသို့ အကူအညီပေးရေး ဖိတ်ခေါ်မှုများကို မတ် ၂၈ ရက် ညပိုင်းတွင် နိုင်ငံပိုင်ရုပ်သံများမှတစ်ဆင့် ထုတ်လွှင့်ပြောကြားခဲ့ကြောင်း။

ပြည်ထောင်စုနယ်မြေအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ၆၅၂ ဦး သေဆုံးခဲ့ပြီး ၈၅၃ ဦး ဒဏ်ရာရ၍ ကိုးဦးပျောက်ဆုံးခဲ့ကြောင်း၊ အဆောက်အအုံပြိုကျမှုအနေဖြင့် လူနေအိမ် ၉၀၂ အိမ်၊ ဘုန်းတော်ကြီးကျောင်း ၂၀၆ ကျောင်း၊ စာသင်ကျောင်း ၃၉ ကျောင်း၊ ဌာနဆိုင်ရာ ၁၉ ခု၊ တံတားတစ်စင်း၊ ဘုရားစေတီ ၂၉၃ ခုနှင့် အခြားအဆောက်အအုံပြိုကျမှု ၂၇၅ လုံးတို့ ထိခိုက်ပျက်စီးခဲ့သည်ဟု စာရင်းဇယားများအရ ကနဦးသိရှိရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်ထိ ၇ ရက်ကို သတ်မှတ်ကြေညာထားပြီး ထိုရက်များအတွင်း နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူကြရန် ကြေညာခဲ့ပြီးဖြစ်ကြောင်း။

ထိုင်းနိုင်ငံအနေဖြင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ခပ်ကျောင်းဆပ်ပူဖိုတောင် ဦးစီးသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၅၅ ဦး၊ ထိုင်းသံရုံးမှ တာဝန်ရှိသူ ငါးဦး စုစုပေါင်း ဦးရေ ၆၀ နှင့်အတူ အထောက်အကူပြုပစ္စည်းများ စုစုပေါင်း ကီလိုဂရမ် ၄၉၉၀ ပါဝင်သော C-130 လေယာဉ်ဖြင့် ထိုင်းနိုင်ငံ




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။

**စာမျက်နှာ ၂၂ သို့**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုအမှတ်တရ တံဆိပ်ပေးအပ်စဉ်။

စာမျက်နှာ ၂၁ မှအဆက်

ဒွန်မောင်းလေဆိပ်မှ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၃၆ နာရီအတွင်း ဆဋ္ဌမမြောက် ဆိုက်ရောက်ကူညီပေးခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မတ် ၃၀ ရက်တွင် လေယာဉ် နှစ်စင်းဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း စုစုပေါင်း ၄၃၇၂ ကီလိုဂရမ်၊ ဧပြီ ၁ ရက်တွင် လေယာဉ် နှစ်စင်းဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ကီလိုဂရမ် ၂၂၄၀၀၊ ဧပြီ ၃ ရက်တွင် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ကီလိုဂရမ် ၄၇၀၀ စုစုပေါင်း လေယာဉ် ငါးခေါက်ဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ၃၆၄၆၂ ကီလိုဂရမ်ကို ကူညီပို့ဆောင်ပေးခဲ့ကြောင်း၊ နိုင်ငံအလိုက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်မှုအနေဖြင့် ယနေ့ထိ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ လာရောက်ကူညီမှုများတွင် ထိုင်းနိုင်ငံအနေဖြင့် အရေးပေါ်ကူညီထောက်ပံ့ပြီးနောက်ပိုင်း ၃၆ နာရီအတွင်း လာရောက်ကူညီပေးသည့် အိမ်နီးချင်းကောင်းနိုင်ငံဖြစ်ကြောင်း၊ ထို့အတွက်လည်း မြန်မာနိုင်ငံအနေဖြင့် အထူးမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ အဆိုပါ ထိုင်းနိုင်ငံကူညီကယ်ဆယ်ရေးအဖွဲ့သည် မတ် ၃၀ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်သို့ရောက်ရှိခဲ့ပြီး ထိုနေ့ညနေ ၃ နာရီမှစ၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အန္တရာယ်ရှိ အဆောက်အအုံများ၏ အောက်ခြေ၌ ပိတ်မိနေသူများ၏အသက်ကို ကယ်ဆယ်နိုင်ရေးအတွက် အဆင့်မြင့်စက်ကိရိယာများဖြင့် စမ်းသပ်ရှာဖွေကယ်ဆယ်မှုများကို မတ် ၃၁ ရက် နံနက် ၄ နာရီထိ အစွမ်းကုန် ကြိုးပမ်းရှာဖွေ ကယ်ဆယ်ခဲ့သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။ ထို့ပြင် အရေးပေါ်ဆေးကုသရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဖယ်နူဝပ် ဦးဆောင်သော ၁၈ ဦး အဖွဲ့သည် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးသို့ သွားရောက်ခဲ့ပြီး ဆေးရုံအုပ်ကြီးနှင့်တွေ့ဆုံကာ လူနာများနှင့်ပတ်သက်၍ အရေးပေါ်ဆေးကုသရေးဆိုင်ရာလိုအပ်ချက်များကို တွေ့ဆုံဆွေးနွေး၍ ဒဏ်ရာရလူနာများကို လိုက်လံကြည့်ရှုအားပေးခြင်း၊ မတ် ၃၁ ရက်တွင် ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများ၌ ရှာဖွေကယ်ဆယ်ရေးများ ထပ်မံကြိုးစား ဆောင်ရွက်ခဲ့မှုများအတွက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း၊ အဆိုပါနေ့မှာပင် အဆောက်အမှတ် ၂၃၈၆ နှင့် ၂၃၈၇ တို့အနီးရှိ မြေကွက်လပ်၌ Mobile Clinic ဖြင့် ဝန်ထမ်းမိသားစုနှင့် မှီခိုသူ ၃၆ ဦးတို့ကို ဆေးကုသပေးခြင်း၊ ဧပြီ ၁ ရက်တွင် ပျဉ်းမနားမြို့ ရန်အောင်(၁) ရပ်ကွက်ရှိ ဓမ္မာရုံ၌လည်းကောင်း၊ ဧပြီ ၂ ရက်တွင် လယ်ဝေးမြို့ အမှတ် (၆) ရပ်ကွက်ရှိ ဓမ္မာရုံ၌လည်းကောင်း Mobile Clinic ဖြင့် ပြည်သူ ၁၇၅ ဦးအား ဆေးကုသပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသမှုအပြင် လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက်နှင့် ဂျာမေဗလီ၊ အမှတ်(၃)ရပ်ကွက်ရှိ ဗုဒ္ဓရက္ခိတ ဘုန်းတော်ကြီးကျောင်းတို့တွင်လည်း စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ခြင်းတို့အတွက် အထူးပင် ကျေးဇူးတင်ပါကြောင်း။

ထို့ပြင် သေဆုံးသွားသော လယ်ဝေးမြို့ အမှတ်(၆) ရပ်ကွက်နေ ဒေါ်ညို၏ မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ တပ်ကုန်းမြို့နယ်အတွင်း ငလျင်ဒဏ်ခံစားရသော မြောက်မြိုက်အရှေ့ကျေးရွာသို့ သွားရောက်၍ ရွာသူ၊ ရွာသား ၈၄ ဦးအား ဆေးကုသမှုများနှင့် စားသောက်ဖွယ်ရာများ ကူညီထောက်ပံ့ပေးအပ်ခြင်း ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအတွင်း၌ ရွာသူ၊ ရွာသား ၁၅၆ ဦးအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည့်အပြင် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း၊ ငလျင်ဒဏ်ခံစားခဲ့ရသော ကျည်တောင်ကျေးရွာ၊ မွန်းတည့်ခွင်ကျေးရွာနှင့် စည်ပင်သာယာကျေးရွာတို့မှ ရွာသူ၊ ရွာသားများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းတို့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံ၌ ကူညီကယ်ဆယ်မှုများ လာရောက်ဆောင်ရွက်ပေးနေချိန်တွင် ထိုင်းနိုင်ငံအတွင်း၌လည်း မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ၇ ဒသမ ၄ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်ခတ်မှုကြောင့် ဗန်ကောက်မြို့တော် ဘန်ဆူးမြို့နယ်ရှိ တည်ဆောက်ဆဲမြို့နယ်စာရင်းစစ်ရုံးအဆောက်အအုံ ပြိုကျဖြစ်စဉ်တွင် အလုပ်သမား ၁၁ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရ ကိုးဦးနှင့် ၇၆ ဦးခန့် ပျောက်ဆုံးလျက်ရှိခြင်းအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်းကိုလည်း ကြားသိရကြောင်း၊



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူစဉ်။

အဆောက်အအုံပြိုကျမှုကိုလည်း Online မှ ထိတ်လန့်တုန်လှုပ်ဖွယ်ရာတွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ထိုင်းနိုင်ငံအတွင်းတွင် ဖြစ်စဉ်ဖြစ်ပွားနေသော်လည်း မြန်မာနိုင်ငံကို စာနာစိတ်ဖြင့် လာရောက်ကူညီကယ်ဆယ်ပေးခြင်းအတွက် ထိုင်းနိုင်ငံဘုရင်မင်းမြတ်၊ ရာမဘုရင် Maha Vajiralongkorn၊ မိဖုရား Queen Suthida၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Mrs. Paetongtarn Shinawatra၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Maris Sangiampongsa၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Songwit Noonpackdee၊ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် Gen. Pana Klaewblaudtuk နှင့် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mongkol Visitstump တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံသို့ အရေးပေါ်ကူညီကယ်ဆယ်ရေး စေလွှတ်ပေးသည့် ထိုင်းဝန်ကြီးချုပ် Mrs. Paetongtam Shinawatra ဦးစီးသည့် ထိုင်းနိုင်ငံအစိုးရအဖွဲ့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်တို့ကိုလည်း ထပ်မံ၍ ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အနေဖြင့်လည်း မြန်မာနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း အဆင်မပြေမှုများနှင့် အခက်အခဲများရှိပါက စာနာနားလည်မှုပေးစေလိုကြောင်း၊ ယခုကဲ့သို့ မိမိတို့နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံသားများအား ရှာဖွေကယ်ဆယ်ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်း၊ စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့အတွက် မြန်မာနိုင်ငံသားများကိုယ်စားနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုအမှတ်တရတံဆိပ်ပေးအပ်သည်။ ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှု စံသတ်မှတ်ချက် (Assessment, Search & Rescue Level – ASR Level) များအနေဖြင့် အဆင့်(၁) ဘေးအန္တရာယ်ထိခိုက်ခံရသောဧရိယာ၏ အခြေအနေ၊ တည်နေရာနှင့် အခြားဘေးအန္တရာယ်များ ထပ်မံဖြစ်ပွားနိုင်မှု ရှိ၊ မရှိ စိစစ်ခြင်း (Wide Area Assessment)၊ အဆင့်(၂) Wide Area Assessment ဆောင်ရွက်မှုမှရရှိသော သတင်းအချက်အလက်များအပေါ် မူတည်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မည့်အပိုင်းများ ပိုင်းခြားသတ်မှတ်ကာ ဘေးအန္တရာယ်လုံခြုံမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့်(၃) ဘေးဒုက္ခရောက်ရှိသော မျက်မြင်လူနာများအား ဦးစားပေးအဆင့်အတန်းအလိုက် ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ပိတ်မိနေသောလူနာများ အားရှာဖွေခြင်းနှင့် အသက်ကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့်(၄) ပြိုကျပျက်စီးနေသော အဆောက်အအုံများအတွင်း ပိတ်မိနေသော လူနာများ ထပ်မံ ကျန်ရှိမှု ရှိ၊ မရှိ သေချာစေရန် ဧရိယာတစ်ခုလုံးအား ခေတ်မီနည်းပညာမြင့်ပစ္စည်းများအသုံးပြုကာ ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့် အဆင့်(၅) ရှာဖွေကယ်ဆယ်ရေး နောက်ဆုံးအဆင့်အနေဖြင့် လူအင်အားအသုံးပြုပြီး အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရှာဖွေခြင်း၊ ယာဉ်၊ ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခြင်းတို့ဖြစ်ပြီး ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အနေဖြင့် ၎င်းတို့တာဝန်ယူဆောင်ရွက်ရသည့် အဆောက်အအုံများတွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု စံသတ်မှတ်ချက် အဆင့် (၄) (ASR Level 4) အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့အသစ်တစ်ဖွဲ့လည်း ထပ်မံလာရောက်မည်ဖြစ်သည့်အတွက် တာဝန်လဲလှယ်ထမ်းဆောင်ခြင်းဖြစ်ပြီး ယခုအခါ ၎င်းတို့၏ တာဝန်များပြီးဆုံး၍ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

ယမန်နေ့မှအဆက်

# ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

(င) ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)၊ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဈ) တို့ပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်စည်မှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(စ) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ်(SIM Card)ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု(SIM Card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ် နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် တစ်ဆယ့်ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့်အကျိုးတူပူးပေါင်း၍ ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချ ခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဇ) ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဈ) ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့် မရှိစေရ။

(ည) အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ (က) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အများကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံး တန်ဖိုးသတ်မှတ်ချက် (De minimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့် လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လအတွင်းရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့် ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ် လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက်ရောင်းရငွေအပေါ်တွင် သုည ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ပင်ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း(၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)

## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့်လစာဝင်ငွေ စုစုပေါင်း အပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှု ရှိလာစေရေးအားပေးမြှင့်တင်ရန်အလို့ငှာ လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့်အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေ အပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေ အပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ (ဂ) ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂)အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ

(ခ) အိမ်ထောင်ဘက်တစ်ဦးအတွက်သာလျှင်ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (က) ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင် ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် တစ်ဆယ်ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကို ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ စည်းကြပ်ခြင်း။

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ နှစ်ရာခိုင်နှုန်းဖြင့် တွက်ချက်၍ စည်းကြပ်ခြင်း။

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့် အခွန်မှတွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင်ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်ပေးရမည်။

ဆက်လက်ဖော်ပြပါမည်

## လျှင်ဒဏ်သင့်ခဲ့ရသည့် သာသနိကနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အများနှင့်သက်ဆိုင်သော အဆောက်အအုံများကို အဆောက်အအုံတစ်ခုချင်းအလိုက် တာဝန်ယူ၍ ပြုပြင်မွမ်းမံအသစ်တည်ဆောက်လှူဒါန်းလိုသူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်

နေပြည်တော် ဧပြီ ၅

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးမြေလျှင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာကွာဝေးသည့် မြန်မာနိုင်ငံပြည်တွင်း အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေလျှင်လှုပ်ခတ်ခဲ့မှုကြောင့် သာသနိကနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး စသည့် အများနှင့် သက်ဆိုင်သော အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည်။

အဆိုပါ အဆောက်အအုံများအနက် အဆောက်အအုံတစ်ခုချင်းအလိုက် တာဝန်ယူ၍ ပြုပြင်မွမ်းမံအသစ်တည်ဆောက်လှူဒါန်းလိုသူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရာသက်ပန်ကမ္ပည်းထိုး၍ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ အိန္ဒိယနိုင်ငံ ဆေးကုသရေးအဖွဲ့က ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် လျှင်ဒဏ်သင့်၍ ပျက်စီးခဲ့သော တောင်ငူတက္ကသိုလ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဧပြီ ၅

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် အင်အားပြင်းလျှင်လှုပ်ရှားမှုကြောင့် လမ်း၊ တံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် မဟာဝိဇိတာရုံကျောင်းတိုက် ဦးစီးပဓာနနာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရုနိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား ဖူးမြော်ပြီး ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဦးလှသိန်းဗိမာန်၌ တိုင်းဒေသကြီးဦးစီးဌာနနှင့် ကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ရောဂါပိုးမွှားများကင်းရှင်းစေရန် ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်နေမှုများနှင့် ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနှင့် မန္တလာသီရိအားကစားကွင်းအတွင်းတို့၌ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ အကူအညီပေးရေးအဖွဲ့များ၏ ဆေးကုသပေးနေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ၎င်းနောက် ချမ်းအေးသာစံမြို့နယ် အနီဃာသီလရှင် ပရိယတ္တိစာသင်တိုက် ဣစ္ဆာသယသာသနာ့နုဂ္ဂဟမင်းကွန်းသီလရှင်စာသင်တိုက်နှင့် ဆူးဖြူသာသနာ့ရိပ်သာများသို့ သွားရောက်၍ သောက်သုံးရေများ၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တောင်ငူတက္ကသိုလ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၁၄၈ မိုင် ၅ ဖာလုံအနီးရှိ ခပေါင်းရေလှောင်တမံလက်ဝဲတူးမြောင်းမကြီး၏ ပျက်စီးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်၊ ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့ရှိ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများကို ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။



လျှင်ဒဏ်သင့်ဒေသ၌ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေးခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း လျှင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသူများနှင့် လျှင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် အစားအသောက်များချက်ပြုတ်၍ ထမင်း၊ ဟင်းများလှူဒါန်းခြင်း၊ စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အာမေးနီးယားနိုင်ငံသို့ မြေထဲပင်လယ်မှအစပျိုးလာသည့် မုန်တိုင်းဝင်ရောက် တိုက်ခတ်မည်ဖြစ်



ယီရီဗန် ဧပြီ ၅

မြေထဲပင်လယ်မှ အစပျိုးလာသည့် မုန်တိုင်းသည် ဧပြီလဒုတိယပတ်အတွင်း အာမေးနီးယားနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း အာမေးနီးယားမိုးလေဝသစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အာမေးနီးယားနိုင်ငံသို့ ဝင်ရောက်လာမည့် မုန်တိုင်းမှာ ဆိုင်ကလုန်းမုန်တိုင်းအမျိုးအစားဖြစ်ပြီး မုန်တိုင်းကြောင့် မိုးရေချိန်မြင့်မားစွာ ရွာသွန်းမည်ဖြစ်ကြောင်း၊ သို့သော် မုန်တိုင်းသည် ဆိုင်ကလုန်းမုန်တိုင်း ဖြစ်သော်လည်း အားကောင်းသည့် မုန်တိုင်းမျိုးမဟုတ်သည့်အတွက် ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးမှုများမရှိနိုင်ကြောင်း၊ မုန်တိုင်းသည် အစောဆုံးလာမည့် ၄၈ နာရီအတွင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အာမေးနီးယား မိုးလေဝသညွှန်ကြားရေးစင်တာမှ လက်ထောက်ညွှန်ကြားရေးမှူး ဆာရန်ယန်က ပြောကြားခဲ့သည်။

"ဧပြီလ ဒုတိယပတ်အတွင်း မြေထဲပင်လယ်ကနေ အစပျိုးလာတဲ့မုန်တိုင်းဟာ အာမေးနီးယားနိုင်ငံကို ဝင်ရောက်တိုက်ခတ်မှာဖြစ်ပါတယ်။ မုန်တိုင်းဟာ ဆိုင်ကလုန်းမုန်တိုင်းအမျိုးအစားဖြစ်ပါတယ်။ ဒါပေမဲ့လဲ အားကောင်းတာမျိုးတော့မဟုတ်ပါဘူး။ မုန်တိုင်းဟာ အစောဆုံးအနေနဲ့ လာမဲ့ ၄၈ နာရီအတွင်း ဝင်ရောက်လာနိုင်ပါတယ်။ မုန်တိုင်းကြောင့်မိုးသည်းထန်စွာရွာသွန်းနိုင်တယ်။ လက်ရှိမှာတော့ ခြောက်သွေ့မှုတွေဖြစ်ပေါ်နေပါတယ်။ ဒီလိုအချိန်မှာ မိုးရွာသွန်းတာကောင်းပေမဲ့ မိုးရေချိန်မြင့်မားနိုင်တဲ့အတွက် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မုန်တိုင်းဝင်ရောက်တာနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်ပါတယ်"ဟု အာမေးနီးယား မိုးလေဝသညွှန်ကြားရေးစင်တာမှ လက်ထောက် ညွှန်ကြားရေးမှူး ဆာရန်ယန်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# နိုင်ဂျီးရီးယားနိုင်ငံ ဒယ်လ်တာပြည်နယ်အက်ဘောဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေ

အဘူဂျာ ဧပြီ ၅

နိုင်ဂျီးရီးယားနိုင်ငံ ဒယ်လ်တာပြည်နယ် အက်ဘောဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဒယ်လ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဧပြီ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။



ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း၊အက်ဘောဒေသရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားခဲ့ရခြင်းမှာ လမ်းမကြီးများဘေး၌ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးထားခြင်း မရှိသည့်အတွက် ရေကြီးရေလျှံမှုအခြေအနေဆိုးရွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒယ်လ်တာပြည်နယ် ကျေးလက်ဒေသနှင့် သတင်းအချက်အလက်ကော်မရှင်မှ ကော်မရှင်နာ ချာလက်စ်က ရေကြီးရေလျှံမှု ဖြစ်ပွားစဉ် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များအတိုင်း နေထိုင်သွားလာရန် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အက်ဘောဒေသမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပြီးတော့ အန္တရာယ်ရှိတဲ့ ရေကြီးရေလျှံမှုဖြစ်ပါတယ်။ အက်ဘောဒေသအပြင် အနီးပတ်ဝန်းကျင်က ဒေသတချို့မှာလဲ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေစီးသန်တဲ့အတွက် မော်တော်ယာဉ်တချို့ ရေစီးနဲ့အတူ မျောပါသွားခဲ့တယ်။ အသက်အန္တရာယ်ရှိနိုင်တဲ့ ရေကြီးရေလျှံမှုဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုဖြစ်ပွားစဉ်မှာ လိုက်နာဆောင်ရွက်ရမဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်သွားဖို့ အသိပေးလိုပါတယ်"ဟု ကျေးလက်ဒေသနှင့် သတင်းအချက်အလက် ကော်မရှင်မှ ကော်မရှင်နာ ချာလက်စ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန်နိုင်ငံတွင် မိုးသက်လေပြင်းနှင့် လေဆင်နှာမောင်းကြောင့် လူခုနစ်ဦးသေဆုံး

ဝါရှင်တန် ဧပြီ ၅

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှ အိုဟိုင်းယိုးပြည်နယ် တစ်လျှောက် ဧပြီ ၂ ရက်မှစ၍ မိုးသက်လေပြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး လူခုနစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဦးစီးဌာန မုန်တိုင်းခန့်မှန်းတိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု ဧပြီ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးသက်လေပြင်းနှင့် လေဆင်နှာမောင်းသည် တက္ကဆက်ပြည်နယ်မှ အိုဟိုင်းယိုးပြည်နယ် တစ်လျှောက် ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မိုးသက်လေပြင်းကြောင့် နေရာတချို့တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာန မုန်တိုင်းခန့်မှန်းတိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်။

"ဧပြီ ၂ ရက်ကနေ စတင်ပြီးတော့ မိုးသက်လေပြင်းကျရောက်မှုနဲ့ လေဆင်နှာမောင်းဖြတ်သန်းတိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ တက္ကဆက် ပြည်နယ်ကနေ အိုဟိုင်းယိုးပြည်နယ်တစ်လျှောက် ဖြတ်သန်းသွားခဲ့တာ ဖြစ်ပါတယ်။ လေဆင်နှာမောင်း အန္တရာယ်ကို ဆက်လက်စောင့်ကြည့် သွားရမှာဖြစ်ပြီးတော့ လေဆင်နှာမောင်းက အာကန်ဆက်ပြည်နယ် အနောက်ဘက်ပိုင်းမှာ ထပ်မံဝင်ရောက်လာနိုင်ပါတယ်။ တန်နက်ဆီပြည်နယ်ကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီးတော့ မိုးသက်လေပြင်းကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အမျိုးသားမိုးလေဝသဦးစီးဌာန မုန်တိုင်းခန့်မှန်း တိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဘန်တလေက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## တို့မြန်ပြည်

❖ ကိုဗစ်ဆယ့်ကိုး ရောဂါဆိုးကြီး
ကျရောက်စဉ်တွင် ပြည်သူအများ
ပေါင်းစည်းအားလျှင် ကျော်ဖြတ်နိုင်ယူ
စွမ်းဆောင်ခဲ့သည် အံ့ချီးထိုက်သည်
တို့မြန်ပြည် ။

❖ မိုခါမုန်တိုင်း လေပွေရိုင်းတို့
မွှေနှောက်လာချိန် တို့ပြည်သူများ
လက်ချင်းချိတ်ကာ အံကိုခဲ၍
ကျော်ဖြတ်ခဲ့သည် အံ့ချီးထိုက်သည်
တို့မြန်ပြည် ။

❖ ရာဂီရေဘေး တွေးကြည့်ပါမူ
အဏ္ဏဝါရေလှိုင်း ရန်စွယ်ရိုင်းကို
ပြည်သူ့အားဖြင့် ကျော်လွှားနိုင်ယူ
အန်တုခဲ့သည် အံ့ချီးထိုက်သည်
တို့မြန်ပြည် ။

❖ ငလျင်ဘေးကြီး ကြုံတွေ့စဉ်တွင်
နိုင်ငံ့တစ်ဝှမ်း ပေါင်းစုအားဖြင့်
ညီညာဖြဖြ ကျော်ဖြတ်သည်မှာ
မြင်ရသူတို့ စိတ်နှလုံးကို
သက်သာစေသည် အံ့ချီးထိုက်သည်
တို့မြန်ပြည် ။

❖ ဘေးအန္တရာယ် အသွယ်သွယ်တို့
ကျရောက်ပြီးသော် အမှောင်ကိုခွင်း
အလင်းဆောင်မည့် ရောင်ခြည်ထွန်းတောက်
ရှင်းသန့်တော့မည် သေချာလှသည်
တို့မြန်ပြည် ။

❖ ဒီမြေမှာနေ ဒီရေကိုသောက်
ဒီလေကိုရှူ ဒီတိုင်းဒီပြည်
ဒီဌာနီက ပြုစုပျိုးထောင်
လေ့ကျင့်ပေး၍ လူလားမြောက်လာ
မြန်မာပြည်သား ပြည်သူများတို့ ...

❖ တို့မြန်ပြည်၏ တင်ရှိကျေးဇူး
အထူးထူးကို ရင်ဝယ်ပိုက်၍
အရေးကြုံက သက်လုံကောင်းကာ
ကြုံတွေ့လာသည့် စိန်ခေါ်မှုများ
အခွင့်လမ်းသို့ ပြောင်းလဲနိုင်ရန်
ပိုင်းဖြတ်မှန်လျက် တစ်စိတ်တစ်ဝမ်း
ပြည့်စွမ်းအားဖြင့် ကြိုးစားကြလျှင်
တို့ပြည်ထောင်၏ ရွှေရောင်တောက်ပ
အနာဂတ်ကို တွေ့ရမည်မှာ
သေချာလှသည် တို့မြန်ပြည် ။

ကိုကိုလွင် (ရန်ကင်း)

# လျှော်ဒဏ်သင့်ဒေသများအတွက်လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တစ်စီး ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၅**

မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Gharial(L-23) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ပွဲကို စစ်ရေယာဉ်ပေါ်တွင် ဆက်လက်ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ယနေ့ ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် ဆန် ၄၀၅ တန်၊ ဟင်းချက်ဆီ တန် ၃၀၊ ဘီစကွတ် ငါးတန်နှင့် အသင့်စားခေါက်ဆွဲ နှစ် မက်ထရစ်တန် အပါအဝင် စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပါဝင်ပြီး စုစုပေါင်းတန်ချိန် ၄၄၂ တန်ခန့် ဖြစ်ကြောင်း သိရှိရသည်။



လျှော်ဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တစ်စီး ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိစဉ်။

အိန္ဒိယစစ်ရေယာဉ်ဖြင့် ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များ၊ အိန္ဒိယစစ်ရေယာဉ်မှ အရာရှိ စစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နေနှင့် အရန်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ



ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိစဉ်။

**နေပြည်တော် ဧပြီ ၅**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်လျှင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာကြောင်း သိရသည်။

ယင်းသို့ ရောက်ရှိလာရာ ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ ခန့်တွင် စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ ငလျင်ဘေးဒဏ်သင့်ဒေသများကို လှူဒါန်းသည့် ကယ်ဆယ်ရေးအထောက်အကူပြု ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ ပါဝင်သည့် ၅၇၃၇ Kg ကို Asia Cargo Airlines ဖြင့်လည်းကောင်း၊ ၇ နာရီ မိနစ် ၄၀ ခန့်တွင် အမေရိကန်ပြည်ထောင်စု Samaritans Purse International Relief အဖွဲ့မှ မြန်မာနိုင်ငံရှိ ငလျင်ဘေးဒဏ်သင့်ဒေသများကိုလှူဒါန်းသည့်ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် ခွဲစိတ်ခန်းတည်ဆောက်ရန် ဆက်စပ်ပစ္စည်းများပါဝင်သည့် ၂၂၆၃၄ Kg နှင့် ခွဲစိတ်ဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၂၅ ဦးကို တင်ဆောင်ပြီး Samaritans Purse အဖွဲ့ပိုင်လေယာဉ်ဖြင့်လည်းကောင်း အသီးသီး ရောက်ရှိလာသည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ဆေးသေတ္တာ၊ ရွက်ဖျင်တဲ၊ ခြင်ထောင်၊ ရေသန့်ဘူး စသည့်ပစ္စည်း ၈၇၃၉၀ kg ကို သယ်ဆောင်လာသည့် AIR CHINA CARGO လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Econ-nmic and Commercial Counsellory Mr.Ouyang Daobingနှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြသည်။

အလားတူ ညနေ ၅ နာရီ မိနစ် ၅၀ တွင် သီရိလင်္ကာအစိုးရမှ လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲ၊ ဆေးရုံသုံးပစ္စည်းများ၊ လက်သန့်ဆေးများ၊ ရေသန့်စင်စက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် သီရိလင်္ကာနိုင်ငံ တပ်မတော်မှ Brigadier General Karunatilake Hewakattuge Punyasiri ဦးဆောင်သော ဆေးတပ်ဖွဲ့ဝင် ၂၆ ဦးတို့သည် သီရိလင်္ကာနိုင်ငံပိုင် လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံး အထောက်အကူပြုပစ္စည်းများထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။

ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

ယနေ့ရောက်ရှိကြသည့် နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါ ကယ်ဆယ်ရေးအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ ထပ်မံရောက်ရှိစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၅

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံတို့၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများနှင့် ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။

# အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဧပြီ ၅

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၁၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ၂၀၂၅ ခုနှစ် ဧပြီ ၅ ရက်ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မော်လမြိုင် - ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး


နေပြည်တော် ဧပြီ ၅

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ အလစ်အငိုက်လုပ်ဆောင်လျက်ရှိသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ငလျင်ဘေးဒဏ်ကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလကို ထုတ်ပြန်ထားပြီးဖြစ်သော်လည်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက် ၇ နာရီခန့်တွင် မွန်ပြည်နယ် ဘီးလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၁၁၀၀၀ ခန့်အကွာရှိ မိုင်တိုင်အမှတ် (၁၀၇/၉)နှင့် မိုင်တိုင်အမှတ် (၁၀၇/၁၀) ကြား အရှည် ပေ ၄၀ ရှိ သံပေါင်အမျိုးအစား တံတားအမှတ်(၅၉)နေရာ မော်လမြိုင်-ရန်ကုန်သွား မီးရထားလမ်းကို ဒေသန္တရလက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားအောက်ခြေတိုင် နှစ်ပေခွဲခန့် ကွဲအက်ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါပျက်စီးမှုများကြောင့် မီးရထားများ ဖြတ်သန်းသွားလာမှုကို မထိခိုက်စေဘဲ ကောင်းမွန်စွာ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရှိရသည်။

ငလျင်ဘေးဒဏ်ကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် ကာလအတွင်းတွင် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သောနေရာများ၌ အကြမ်းဖက်လုပ်ဆောင်ခြင်းများသည်ပြည်သူများကိုပိုမိုအထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ သွားလာမှုခက်ခဲစေရန်နှင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းများဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

မော်လမြိုင်-ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သည့် နေရာပြပုံ








မော်လမြိုင်-ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှု လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုနှင့် ဖောက်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





KNLA အဖွဲ့မှ အကြမ်းဖက်မှု လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားအောက်ခြေတိုင်ပျက်စီးခဲ့မှုနှင့် မီးရထားများစမ်းသပ်သွားလာမှုတို့ကို တွေ့ရစဉ်။

# လျှင်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ

**ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)**

> ❖ လျှင်ဖြစ်ပွားပြီးနောက် ကြုံတွေ့ရတတ်သည့် အခြားသော ကျန်းမာရေးပြဿနာများမှာ စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုများနှင့် စိတ်ကျန်းမာရေးပြဿနာများဖြစ်ကြသည်။ Post-Traumatic Stress Disorder (PTSD) ခေါ် ထိခိုက်ဒဏ်ရာရပြီးနောက် စိတ်ဖိစီးခံစားရမှုရောဂါမှာ အဖြစ်အများဆုံးဖြစ်ပြီး လျှင်မှ အသက်ရှင်လွတ်မြောက်လာသူများ၏ ခြောက်ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းခန့်ထိ စိတ်ကျဝေဒနာကို ခံစားကြရသည်ဟုဆိုသည်။ ၁၉၉၉ ခုနှစ် တူကီယဲ လျှင်အပြီးတွင် လွတ်မြောက်လာသူများ၏ ၁၇ ရာခိုင်နှုန်းခန့်မှာ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်များ ပေါ်ပေါက်လေ့ရှိခဲ့ကြောင်း သုတေသနများအရ သိရှိရသည်။ ❖

ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာသည် လျှင်ကြောင့် အချိန်မရွေး ဒုက္ခရောက်နိုင်သည့်အနေအထားတွင်ရှိသည်။ အဘယ်ကြောင့်ဆိုသော် လော့အိန်ဂျလိစ်၊ နယူးယောက်၊ တိုကျို၊ နယူးဒေလီနှင့် ရှန်ဟိုင်းကဲ့သို့ လူဦးရေလွန်စွာထူထပ်သည့် မက်ဂါမြို့ကြီးများသည် လျှင်လှုပ်နိုင်သည့် ပြတ်ရွေ့ကြောများပေါ်တွင် တည်ဆောက်ထားခြင်းကြောင့် ဖြစ်သည်။ လွန်စွာပြင်းထန်သည့် လျှင်ကြီးများသည် ဖြစ်ပွားသည့် နေရာတစ်ဝိုက်ရှိလူထု၏ တစ်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းထိ သေကျေပျက်စီးစေနိုင်စွမ်းရှိကြသည်။ ဆေးရုံဆေးခန်းများ ပြိုကျပျက်စီးခြင်း၊ လမ်းတံတားများ ပျက်စီးခြင်းနှင့် ဆေးပစ္စည်းများပေးပို့သည့်စနစ်များ ပြတ်တောက်ခြင်းစသည်တို့ကြောင့် လျှင်လှုပ်ခတ်ပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် မမြင်ရနိုင်သည့်လိုအပ်ချက်ကြီးများဖြစ်ပေါ်လာပြီး ရှုပ်ထွေးသည့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြစ်ပေါ်စေနိုင်သည်။

လျှင်ဖြစ်ပွားသည့် နေရာဒေသပေါ်မူတည်ပြီး သေဆုံးဒဏ်ရာရမှုဆိုင်ရာမှတ်တမ်းများမှာ ကွာခြားချက်ရှိကြသော်လည်း လေ့လာမှုအတော်များများက သေဆုံးမှုနှင့် ဒဏ်ရာရမှုအချိုးမှာ တစ်အချိုးသုံးခန့်ရှိသည်ဟု ရေးသားဖော်ပြကြသည်။ သေဆုံးသူအများစုမှာ လျှင်လှုပ်ပြီး ချက်ချင်းလိုလို သေဆုံးခဲ့ကြရသည်။ လျှင်လှုပ်ချိန် သေဆုံးသွားကြရသူများ၏နောက်တွင် ဒုတိယသေဆုံးမှုအမြင့်မားဆုံးအချိန်ကာလမှာ လျှင်လှုပ်ပြီး နာရီအနည်းငယ်အကြာတွင်ဖြစ်ပြီး အသည်း သို့မဟုတ် သရက်ရွက်စုတ်ပြဲခြင်း၊ တင်ပါးဆုံရိုးကျိုးခြင်း၊ ဦးခေါင်းခွံအတွင်း သွေးထွက်ခြင်း စသည့်ပြင်းထန်သောဒဏ်ရာများကြောင့် သေဆုံးကြရခြင်းဖြစ်သည်။ သေဆုံးမှုအများဆုံး တတိယမြောက်အချိန်ကာလမှာ လျှင်တစ်ခုလှုပ်ခတ်ပြီး ရက်ပိုင်းမှ ရက်သတ္တပတ်ကြာကာလဖြစ်သည်။ ထိုအချိန်ကာလတွင် ရရှိခဲ့သည့် ဒဏ်ရာများကြောင့် ဖြစ်ပွားရသည့် သွေးဆိပ်တက်ခြင်းနှင့် ကိုယ်တွင်းအင်္ဂါများပျက်စီးခြင်းတို့ကြောင့် သေဆုံးကြရတတ်သည်။ နှလုံးရောဂါနှင့် ဆီးချိုသွေးချိုရောဂါကဲ့သို့သော နာတာရှည်ရောဂါခံစားနေကြရသူများသည်အရေးကြီးဆေးဝါးများပြတ်တောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုမရရှိနိုင်ခြင်းများကြောင့် သေဆုံးရနိုင်ခြေအမြင့်မားဆုံးသောသူများဖြစ်ကြသည်။

လူထု၏ နှစ်ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်သည် ကိုယ်ခန္ဓာပေါ်သို့ လေးလံသောပစ္စည်းများနှင့် အလေးချိန်တို့ ပိမိခံရခြင်းကြောင့် ဖိမိဒဏ်ရာများ ခံစားကြရနိုင်သည်။ ဖိမိဒဏ်ရာများကြောင့် ကျောက်ကပ်ပြဿနာများဖြစ်ပေါ်ခြင်းနှင့် ကျောက်ကပ်ပျက်စီးခြင်းတို့ဖြစ်ပေါ်နိုင်ပြီး လွန်စွာဆိုးရွားပါက ခြေလက်များ ဖြတ်တောက်ရခြင်းများကို လုပ်ဆောင်ရနိုင်သည်။ ဖိမိဒဏ်ရာရရှိထားသူများ၏ ကိုယ်တွင်းဓာတ်ဆားဓာတ်များပမာဏက ပုံမှန်ဖြစ်နေသည့်တိုင်အောင် သူတို့ကိုရေဓာတ်ဖြည့်တင်းပေးမည့်ဆေးရည်များ သွင်းပေးသင့်သည်။ ထိုသို့ သွင်းပေးသောဆေးရည်များတွင်လည်း လူနာအတွက် အန္တရာယ်ကြီးမားစေနိုင်သည့် ပိုတက်စီယမ်နှင့် ကယ်လ်စီယမ်ဓာတ်များ မပါဝင်စေရန် ဂရုပြုကြရလိမ့်မည်။ ဖိမိဒဏ်ရာရရှိသူများ၏ ထက်ဝက်ခန့်မှာ ကျောက်ကပ်ထိခိုက်ပျက်စီးလေ့ရှိပြီး ၎င်းထိခိုက်သူများ၏ ထက်ဝက်ခန့်မှာလည်း ကျောက်ကပ်ဆေးခြင်းပြုလုပ်ရန် လိုအပ်တတ်သည်။ လျှင်လှုပ်ခတ်ပြီးဖြစ်ပွားသည့် ကျောက်ကပ်ထိခိုက်ပျက်စီး လူနာများ၏ သေဆုံးမှုနှုန်းမှာ ၁၄ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းထိရှိသည်။

လျှင်နှင့်ဆက်စပ်ဖြစ်ပွားသည့် အရိုးအကြောထိခိုက်ဒဏ်ရာရမှုများတွင် ပေါက်ပြဲဒဏ်ရာများ ၆၅ ရာခိုင်နှုန်း၊ အရိုးကျိုးခြင်း ၂၂ ရာခိုင်နှုန်း၊ ကြွက်သားများရောင်ရမ်းခြင်း ခြောက်ရာခိုင်နှုန်းရှိကြပြီး သုံးရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသောလူများတွင် ဖိမိဒဏ်ရာများရရှိကြသည်။ ၇၄ ရာခိုင်နှုန်းသော ထိခိုက်မှုများသည် ခါးအောက်ပိုင်းတွင် ဖြစ်လေ့ရှိသည်ကို တွေ့ရှိရသည်။ ဖိမိဒဏ်ရာရရှိသူများတွင် သွေးကြောအတွင်းသွေးခဲလွန်ပြီး သွေးယိုစီးခြင်း၊ သွေးဆိပ်တက်ခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် သေဆုံးခြင်း ဖြစ်ပွားနိုင်ခြေပိုမိုမြင့်မားလေ့ရှိသည်။ ဖိမိဒဏ်ရာကိုကုသရာတွင် အရွတ်ကိုဖွင့်ခွဲကာ ခွဲစိတ်ကုသမှုမျိုးနှင့် ထိခိုက်ထားသည့် ခြေလက်များကိုဖြတ်တောက်၍ ကုသသည့်ကုထုံးနှစ်မျိုးရှိသည်။ လူနာ၏အခြေအနေပေါ်မူတည်၍ သင့်တော်သည့် ကုသမှုမျိုးဖြင့်ကုသကြရသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် လျှင်လှုပ်ခတ်ခဲ့ပြီးနောက် နှလုံးရောဂါဖောက်မှုနှုန်းသည် တစ်ပတ်တာကာလအတွင်း ၃၅ ရာခိုင်နှုန်းထိ တိုးတက်သွားခဲ့သည်။ တရုတ်(တိုင်ပေ)လျှင်တွင်လည်း အလားတူဖြစ်ပွားခဲ့ကြောင်း သတင်းပို့မှုများရှိခဲ့သည်။ သို့သော် ၁၉၈၉ ခုနှစ်က ကယ်လီဖိုးနီးယားပြည်နယ် လိုမာပီရယ်တာတွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဖြစ်ပွားစဉ်ကမူ နှလုံးရောဂါဖောက်သည့် ဖြစ်စဉ်များတိုးတက်များပြားခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် တရုတ်လျှင်အပြီးတွင် လျှင်ဒဏ်ခံရသည့်ဒေသများ၌ နှလုံးခုန်နှုန်းမမှန်မှုဖြစ်ပွားခြင်း ခြောက်ဆမှ ကိုးဆထိ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ၁၉၉၅ ခုနှစ်ကဖြစ်ပွားခဲ့သည့် ဂျပန်လျှင်အပြီးတွင်လည်း နှစ်ပတ်တာကာလအတွင်း လူကြီးများ၏ သွေးပေါင်ချိန်သည် အပေါ်သွေး ၁၅-၁၆ mmHg နှင့် အောက်သွေး ၆-၁၀ mmHg ပျမ်းမျှအားဖြင့် မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသည်။

အိမ်ပြိုကျပြီး ပြောင်းရွှေ့နေထိုင်ရသည့် ယာယီခိုလှုံရာကယ်ဆယ်ရေးစခန်းများတွင် လူဦးရေများပြားသည့်အတွက် ကူးစက်ရောဂါများဖြစ်ပွားခြင်းကဲ့သို့ ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေများလည်း ဖြစ်ပေါ်နိုင်သည်။ ထိုသို့ကူးစက်ရောဂါများဖြစ်ပွားရခြင်းမှာ သေဆုံးပြီး ရှင်းလင်းနိုင်ခြင်းမရှိသေးသည့် အလောင်းများကြောင့်ဟု မီဒီယာများက သာသာထိုးထိုးတင်ပြတတ်ကြသည်။ သိပ္ပံနည်းကျလေ့လာမှုများအရ အလောင်းများကြောင့် သာမန်လူထုထံကူးစက်ဖြစ်ပွားနိုင်သည့် ရောဂါပျံ့နှံ့မှုမှာ ကာလဝမ်းရောဂါကူးစက်ဖြစ်ပွားမှုများတွင်သာ တိတိကျကျ ဆက်စပ်ရနိုင်ကြောင်း တွေ့ရှိရသည်။ သွေးဆိပ်တက်ခြင်းမှာ လျှင်ဒဏ်သင့်လူနာများတွင် သတိပြုရမည့် ကျန်းမာရေးအခြေအနေတစ်ရပ်ဖြစ်ပြီး သွေးဆိပ်တက်သူများ၏သေဆုံးမှုမှာ အခြားသူများထက် နှစ်ဆခွဲခန့်များပြားလေ့ရှိသည်။

လျှင်ဖြစ်ပွားပြီးနောက် ကြုံတွေ့ရတတ်သည့် အခြားသောကျန်းမာရေးပြဿနာများမှာ စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုများနှင့် စိတ်ကျန်းမာရေးပြဿနာများဖြစ်ကြသည်။ Post-Traumatic Stress Disorder (PTSD) ခေါ် ထိခိုက်ဒဏ်ရာရပြီးနောက် စိတ်ဖိစီးခံစားရမှုရောဂါမှာ အဖြစ်အများဆုံးဖြစ်ပြီး လျှင်မှ အသက်ရှင် လွတ်မြောက်လာသူများ၏ ခြောက်ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းခန့်ထိ စိတ်ကျဝေဒနာကို ခံစားကြရသည်ဟုဆိုသည်။ ၁၉၉၉ ခုနှစ် တူကီယဲ လျှင်အပြီးတွင် လွတ်မြောက်လာသူများ၏ ၁၇ ရာခိုင်နှုန်းခန့်မှာ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်များ ပေါ်ပေါက်လေ့ရှိခဲ့ကြောင်း သုတေသနများအရ သိရှိရသည်။

ထိခိုက်ဒဏ်ရာရမှုများကို လေ့လာကြည့်မည်ဆိုပါက အရိုးကျိုးခြင်း ၃၆ ရာခိုင်နှုန်းရှိပြီး အရိုးကျိုးပြီး အဆစ်လွဲခြင်း ၃၃ ရာခိုင်နှုန်းရှိသည့်အတွက် များစွာကွာခြားမှုမရှိပါချေ။ ကျောဆစ်ရိုးကျိုးခြင်းကို လေ့လာကြည့်ပါက ကျောဆစ်ရိုးပိပြားကာ အက်ကွဲခြင်းက အများဆုံးဖြစ်ပြီး ကျောဆစ်ရိုးကျိုးသူများ၏ ထက်ဝက်ကျော်ထိရှိသည်ကို တွေ့ရှိရသည်။ ၁၉၉၉ ခုနှစ် တရုတ်(တိုင်ပေ)လျှင်တွင် ၃၀ ရာခိုင်နှုန်းသော သေဆုံးသူများမှာ ဦးခေါင်းထိခိုက်ဒဏ်ရာကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် တရုတ်လျှင် စာရင်းဇယားများအရလည်း ခြေထောက်ပိုင်းထိခိုက်မှုများနောက်တွင် ဦးခေါင်းထိခိုက်မှုက ဒုတိယအများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

အရွယ်ရောက်သူများနှင့် နှိုင်းယှဉ်ပါက ကလေးများသည် မြေလျှင်လှုပ်စဉ် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုဖြစ်နိုင်ခြေပိုများကြောင်း တွေ့ရှိရသည်။ မြေလျှင်လှုပ်ပြီးချိန်တွင် ကလေးလူနာများပိုမိုများပြားလေ့ရှိပြီး ဟေတီလျှင်ပြီးချိန်တွင် လူနာအားလုံး၏ ၅၃ ရာခိုင်နှုန်းမှာ အသက် ၂၀ အောက်ဖြစ်ကြပြီး ၂၅ ရာခိုင်နှုန်းသောလူနာများမှာ ငါးနှစ်အောက်ကလေးငယ်များဖြစ်ကြသည်။ ကလေးများပြီးလျှင် လျှင်ကြောင့် ထိခိုက်သူအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြသည်။ သက်ကြီးရွယ်အိုများသည် လှုပ်ရှားမှုနှေးကွေးပြီး အိမ်တွင်းမှ ပြေးထွက်ရန် မတတ်နိုင်ခြင်း သို့မဟုတ် အိမ်ထဲကမထွက်လိုခြင်းတို့ကြောင့် လူငယ်များနှင့် နှိုင်းယှဉ်ပါက ထိခိုက်သေဆုံးမှုများပြားလေ့ရှိကြောင်း လျှင်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများနှင့် စပ်လျဉ်း၍ ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

**- Earthquakes Have Devastating Health Effectsby Petra Rattue, medicalnewstoday.com**



## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ


## ငါးရံ့နှင့်လိပ်

ဒီတစ်ပတ်မှာတော့ တူလေးနဲ့ တူမလေးတို့ကို ဦးဦးက "ငါးရံ့နှင့်လိပ်" ဆိုတဲ့ ပုံပြင်လေး ပြောပြချင်ပါတယ်ကွယ်။ ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုရဲ့အလယ်မှာ ရေကန်တစ်ကန်ရှိသတဲ့။ ရေကန်ထဲမှာ ငါးတွေ၊ ပုစွန်တွေ နေထိုင်ကြတဲ့အပြင် ငါးရံ့မိသားစုတစ်စုလဲ နေထိုင်ကြသတဲ့။ ရေကန်ဟာ နှစ်တွေကြာပြီဖြစ်လို့ တဖြည်းဖြည်း ရွှံ့နွံတွေများလာပြီး ရေကန်ကတိမ်ကောလာသတဲ့။ ရွှံ့နွံတွေထဲမှာတော့ ငါးရံ့မိသားစု သွားလာကျက်စားနေကြပါတယ်တဲ့ကွယ်။ ငါးရံ့မိသားစုဟာ တစ်ကောင်နဲ့တစ်ကောင် အပြစ်မြင်ပြီး အမြဲစကားများ ရန်ဖြစ်လေ့ရှိကြသတဲ့။ တစ်နေ့မှာတော့ ရေကန်ဆီကို လိပ်တစ်ကောင်ရောက်လာသတဲ့။ အဲဒီအခါ ငါးရံ့အများစုက သူတို့ကျက်စားနေတဲ့နယ်မြေထဲ လိပ်ရောက်လာတာကို သဘောမကျကြဘူးတဲ့ကွယ်။ ရေကန်မှာလိပ်ကို ကြာကြာမနေနိုင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုပဲ အမြဲတွေးနေကြသတဲ့။ ငါးရံ့မိသားစုဟာ ဘာပဲမြင်မြင်၊ ဘာပဲပြောပြော အဆိုးဘက်ကပဲ မြင်ကြ၊ ပြောကြလေ့ရှိပြီး အချင်းချင်း အမြဲငြင်းခုံ အပြစ်တင်ရင်း ရန်ဖြစ်နေကြသတဲ့ကွယ်။ အဲဒီထဲမှာ ငါးရံ့ကလေးတစ်ကောင်ကတော့ ဘယ်သူဘာပြောပြော ကိုယ့်စဉ်းစားဉာဏ်နဲ့ ကိုယ် ဝေဖန်ဆုံးဖြတ်လေ့ရှိသတဲ့။ ဒါကြောင့်လဲ သူဟာ အမြဲအဆူအငေါက်ခံရ ရှာတယ်တဲ့လေ။ တစ်နေ့မှာတော့ ငါးရံ့ကလေးဟာ အခြားငါးရံ့တွေ တားတဲ့ကြားကပဲ လိပ်ကလေးနဲ့စကားသွားပြောရင်း မိတ်ဆွေဖွဲ့သတဲ့ကွယ်။ လိပ်ကလဲ အားရဝမ်းသာ ကြိုဆိုတာပေါ့လေ။ ဒါနဲ့ သူတို့နှစ်ဦးဟာ စကားတွေ ပြောကြတယ်။ လိပ်က သူ့ဘဝအတွေ့အကြုံတွေ၊ အန္တရာယ်ကနေ ရှောင်ကွင်းပုံတွေ၊ အေးအေးချမ်းချမ်းနေထိုင်နည်းတွေ ပြောပြသင်ပေးတာပေါ့။ ဒီလို လိပ်နဲ့ခင်ခင်မင်မင်နေတာကို အခြားငါးရံ့တွေ မြင်တဲ့အခါ ဝိုင်းဆူကြတယ်တဲ့။

"မင်းတော့ ဒုက္ခရောက်တော့မယ်။ မင်းကို သူက သေတွင်းထဲပို့မှာ"

"ဟုတ်တယ်။ မင်းက အတော်နုံတာပဲ" "မင်းမှာ စဉ်းစားဉာဏ်မရှိဘူးလား။ ငါတို့ကို အရွဲ့တိုက်နေတာလားကွ" "နေစမ်းပါအုံး။ ငါပြောတုန်း ဖြတ်မပြောနဲ့ကွ" "မင်းပြောတာ လိုရင်းမရောက်လို့ ငါဝင်ပြောတာ။ ဘာဖြစ်လဲ"

ငါးရံ့လေးကို ဆူပူရင်း သူတို့အချင်းချင်း စကားများရန်ဖြစ်ကြပြန်တယ်။ ဒါနဲ့ ငါးရံ့လေးလဲ လိပ်



ကလေးရှိရာဆီကိုပဲ ထွက်သွားလိုက်တာပေါ့။ "ငါ့အတွက်နဲ့ အဆူခံရတာ စိတ်မကောင်းပါဘူး"လို့ လိပ်က ပြောပါတယ်။ "သူတို့က အမြဲအဆိုးမြင်ပြီး ငြင်းခုံနေကြတာပါ။ စိတ်ထဲမထားပါနဲ့"လို့ ငါးရံ့ကလေးက ပြန်ပြောပြတယ်။ ဒါနဲ့ လိပ်ကလေးက "အေးကွယ်... ငါက အသက်ရှည်လို့လားတော့ မသိဘူး။ ဘဝမှာ သတ္တဝါအမျိုးမျိုးနဲ့ ဆုံခဲ့ဖူးတယ်။ အများစုက ဘဝတိုတိုလေးမှာ ငြင်းခုံကြရင်း၊ အချင်းချင်းတိုက်ခိုက်ကြရင်းနဲ့ပဲ သေဆုံးသွားကြရတယ်။ အေးအေးချမ်းချမ်း နေမသွားကြရရှာဘူး။ မင်းလဲ သူတို့လိုမဖြစ်စေနဲ့နော်"လို့ ပြောလိုက်တယ်။ ငါးရံ့ကလေးက လိပ်ကလေးရဲ့ ပြောစကားတွေ၊ ရန်သူနဲ့တွေ့ရင် ရှောင်ကွင်းပုံတွေကို လေ့လာမှတ်သားထားတာပေါ့ကွယ်။ ဒီလိုနဲ့ နွေဦးရာသီကို ရောက်လာတဲ့အခါ သူတို့နေထိုင်တဲ့ ရေကန်ဟာ ရေခန်းခြောက်စပြုလာပါတယ်။ ဒါနဲ့ လိပ်က မနီးမဝေးမှာ သူနေထိုင်ခဲ့ဖူးကြောင်း၊ ရေကန်ကြီးတစ်ကန်ရှိကြောင်း၊ တစ်နေ့မှာ တောမီးလောင်လာလို့ပြေးရင်း ဒီရေကန်ကို ရောက်လာခြင်းဖြစ်ကြောင်း ငါးရံ့ကလေးကို ပြောပြတာပေါ့လေ။ နောက်ပြီး ကန်ရေမခန်းခြောက်ခင် သူ့မိတ်ဆွေ ငါးရံ့ကလေးနဲ့မိသားစုတွေကို သူနဲ့အတူတူလိုက်ခဲ့ဖို့ ခေါ်တာပေါ့ကွယ်။ ငါးရံ့ကလေးကလဲ သူ့မိသားစုတွေကို တိုင်ပင်ကြည့်အုံးမယ်ဆိုပြီး ပြန်သွားတာပေါ့ကွယ်။ မိသားစုတွေက ငါးရံ့ကလေးကိုဝိုင်းပြီး အပြစ်တင်ဆူပူကြတာပေါ့ကလေးတို့ရေ။ လိုက်သင့်၊ မလိုက်သင့်ကို သူတို့အချင်းချင်းငြင်းခုံနေကြတာ မိုးလင်းသွားတဲ့ထိအောင်ပဲတဲ့ကွယ်။

မနက်မိုးလင်းတော့ ရေခန်းခြောက်စပြုနေတဲ့ ရွှံ့နွံပျော့ထဲမှာ ငါးရံ့တွေဟာ အခြားငါးတွေနဲ့အတူတူ တဖျပ်ဖျပ် လူးလွန့်နေကြရသတဲ့။ ငါးရံ့ကလေးလဲ ခေါင်းမော့ကာ ခက်ခက်ခဲခဲ အသက်ရှူနေတုန်း သူ့ကိုယ်ပေါ်ကို အရာတစ်ခုအုပ်မိုးတာ ခံလိုက်ရသတဲ့။ အဲဒီအုပ်မိုးသူကတော့ လိပ်ကလေးပါပဲတဲ့ကွယ်။ လိပ်ဟာ ငါးရံ့ကလေးကို ဖုံးအုပ်ကာ နွံပျော့အောက်ထဲသို့ နှစ်ဝင်လိုက်သတဲ့။

အဲဒီအချိန်မှာပဲ ဗျိုင်းတစ်ကောင်ဟာ တဖျပ်ဖျပ်လွန့်လူးနေတဲ့ ငါးတွေကို စားသောက်ဖို့ရောက်လာပါသတဲ့။ ဒီအန္တရာယ်ကိုသိလို့ လိပ်က အချိန်မီရှောင်ကွင်းလိုက်ခြင်းဖြစ်သတဲ့ကွယ်။

နွံအောက်မှာ အချိန်အတော်ကြာအောင်နေပြီးတဲ့အခါ လိပ်ဟာ ငါးရံ့ကလေးနဲ့အတူ အပေါ်ကိုပြန်တက်လာပါတယ်။ အပေါ်ကိုပြန်ရောက်တော့ ဗျိုင်းခြေရာတွေပဲတွေ့ရပြီး ငါးတွေကို မတွေ့ကြရတော့ဘူးတဲ့ကွယ်။ အဲဒီနောက်မှာတော့ လိပ်ဟာ ငါးရံ့ကလေးကို သူနေခဲ့ဖူးတဲ့ ရေကန်ကြီးဆီကိုခေါ်ဆောင်သွားပါတော့တယ်။ ဒီအချိန်ကနေစပြီး လိပ်ကလေးနဲ့ ငါးရံ့ကလေးတို့ဟာ မိတ်ဆွေတွေအဖြစ်နဲ့ ရေကန်ကြီးထဲမှာ အသက်ထက်ဆုံး ချစ်ချစ်ခင်ခင်နေထိုင်သွားကြပါတော့သတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကလေးတို့ရေ။ ဒီပုံပြင်လေးကိုနားထောင်ပြီး တူလေး၊ တူမလေးတို့လဲ ငါးရံ့ကလေးလိုမျိုး တတ်သိနားလည်သူမိတ်ဆွေတွေရဲ့စကားကို နာယူမှတ်သားတတ်ရမယ်နော်။ အရာရာတိုင်းကို အဆိုးမြင်စိတ်ပဲ မွေးမြူနေမယ်ဆိုရင် ဗျိုင်းအစာအဖြစ် သေပွဲဝင်သွားကြတဲ့ ငါးရံ့တွေလိုပဲ သေဆုံးတာနဲ့ကြုံတွေ့ရနိုင်တယ်ဆိုတာ ကလေးတို့ သတိပြုဆင်ခြင်နိုင်ကြပါစေကွယ်။

**ဆလိုင်းသန်းဇော်ဝင်း**

## ပညာအလင်း



♦ နေမင်းကြီးရဲ့ အလင်းရောင်
နေ့မှာထွန်းလင်းပြောင်၊
ညအမှောင်ကို အလင်းပေး
ဖိုးလမင်းကြီးလေး။

♦ နေ့ညမရွေး ထိန်ထိန်သာ
ပညာအလင်းပါ၊
နေလနှစ်ဖြာ အလင်းထက်
ပညာရောင်ရွှန်းလက်။

**ရဲသွေးနီ(တက်ဝန်)**

## လုံ့လစွမ်းရည်ရှိသူ

♦ ပုရွက်ဆိတ်လေး ဥပမာ
မှတ်သားယူရမှာ။

♦ အစားအစာစုဆောင်းလျက်
ကြိုးပမ်း သူဆောင်ရွက်။

♦ မိုးကာလအတွက် မပူပင်
ဝမ်းစာရှာဖွေပြင်။

♦ ပျင်းရိသောဉာဉ် သူမမွေး
ဖွဲလုံ့လ ထူးသေး၊
စွမ်းရည်ရှိရဲ့လေး။ ။

**ဖြိုးထက်(ရေစကြို)**



# ချောင်းဦးမြို့နယ်တွင် နှမ်း ၁၉၄၇ ကေထိ စိုက်ပျိုးပြီးစီး လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**ချောင်းဦး ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် နှမ်း ၁၉၄၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၇၃၉ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၄၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်း ကေ ၂၇၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၉၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ပင်းတယမြို့နယ် ပင်စိမ်းပင်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဧပြီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်ပေါ်ကြီး ကျေးရွာအုပ်စု ပင်စိမ်းပင်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးအောင်လွင်ဦးက ပင်စိမ်းပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၉၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပင်စိမ်းပင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း နှံကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း နှံကားစပါးတင်းရေ ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးထက်လင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နှံကားစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ နှံကားတင်းရေ ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် စားသုံးမှုများသည့် စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်

''ပြီးခဲ့တဲ့ မတ်လအတွင်း နှံကားစပါး တင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အိမ်မဲမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှံကားစပါးအမျိုးအစားက ဆန်ကြမ်း အုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ နှံကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး''ဟု အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးထက်လင်းက ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှံကားစပါးအမျိုးအစား တင်းရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် သရက်ကုန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အုတ်ဖို ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ကုန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက သရက်ကုန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၁ ဒသမ ၄ သန်းဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ပြီး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**



# ကြံခင်းမြို့နယ် ပိုးစုကြီးကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကြံခင်း ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပိုးစုကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ချောင်းကျောက်လမ်း ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ဧပြီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ပိုးစုကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်လမ်း ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြံခင်းမြို့နယ် ပိုးစုကြီးကျေးရွာ၌ အရှည် ၁၇၁၄ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ခုနစ်သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ပြောပြ၍ သိရသည်။ **သံသာ**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁ ၂၃၀၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀



Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

## ထာဝရလှပသော အပြုံးအတွက်

# DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



5 Digits Online Lottery

Mytel ဖုန်းဘေလ်နဲ့ထီဝယ်ချင်ရင်

# *117#

Mytel ဖုန်းဘေလ်နဲ့ထီကံစမ်းထားသူများ ထီဆုငွေထုတ်ယူရန်

# *117*5#

Call Center 777 (or) 09 677 000 777

SCAN ME

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် မြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၁၆)၊ ဧေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

### လျှော်လျှပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင် များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်း ကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် လျှော်လျှပ်ပြီးတိုင်း နောက်ဆက်တွဲလျှော်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...

❖ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကိုလေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ဦးညွှတ်ဂါရဝပြု**

အစည်းအဝေးမစတင်မီ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။

**ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှု**

ထို့နောက် အစည်းအဝေးကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးဖြစ်သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များပါ တက်ရောက်သည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ဗန္ဓုလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရန်ကုန်မြို့တွင်း
ရှမ်းမလေး G & G Store ဆိုင်များ
Online
ဗုဒ္ဓသီဟိသူ Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု